**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

အနှစ်ရှိသော သူတော်ကောင်းတရားကို အနှစ်ရှိဟုသိ၏။ အနှစ်မရှိသောတရားကို အနှစ်မရှိဟု သိသည့် အယူမှန်ရှိကြသောသူတို့သည် သီလစသောဂုဏ်ကျေးဇူးအနှစ်ကို ရကြကုန်၏။

ဓမ္မပဒ

# မြဝတီ


နေ့စဉ်

သတင်းထူး သတင်းဦး နေ့စဉ်ဖြန့်ချိ မြဝတီ


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၄၂)

၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်
၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၁၆ ရက်၊ တနင်္လာနေ့


**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

# တပ်မတော်(လေ)၏ ဖွဲ့စည်းတည်ထောင်မှု(၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားနှင့် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်တော်ဝင်လေယာဉ်အား ကြည့်ရှုစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ တပ်မတော်(လေ)၏ (၇၇) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် နိုင်ငံတော်နှင့်တပ်မတော်၏ လေကြောင်းစွမ်းပကားမြင့်မားစေရန်အတွက် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာ တပ်နယ်ရှိ လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်၌ကျင်းပ ပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

**ကျော်ဖုံးသို့** ✭




## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၁၆ ရက်)

# စွမ်းရည်သုံးရပ်ပြင့်မားလျက်ရှိသောတပ်မတော်(လေ)

နိုင်ငံတိုင်းတွင် တပ်မတော်တစ်ရပ်ရှိကြပေရာ နိုင်ငံတော်ကာကွယ်ရေးအတွက် မိမိတို့တပ်မတော်ကို အင်အားတောင့်တင်းခိုင်မာအောင်တည်ဆောက်လျက်ရှိကြသည်။ တပ်မတော်ဆိုသည်မှာ ကြည်းတပ်၊ ရေတပ်၊ လေတပ်များကိုပေါင်းရုံးခေါ်ဆိုထားသည့်အမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံအဆင့်မှဖွံ့ဖြိုးပြီးနိုင်ငံအဆင့်သို့တက်လှမ်းလျက်ရှိရာတွင် နိုင်ငံတော်ကာကွယ်ရေးမောင်းနှင်အားကိုလည်း ခိုင်ခိုင်မာမာတည်ဆောက်ထားရန်လိုအပ်ပေသည်။ ခိုင်မာတောင့်တင်းသောအင်အားဆိုသည်မှာ စဉ်ဆက်မပြတ်ရှိနေရမည်ဖြစ်သည်။ မျိုးဆက်သစ်အဆက်ဆက်က မိမိတို့နိုင်ငံကို မိမိကာကွယ်စောင့်ရှောက်ရခြင်းကို ဂုဏ်ယူဖွယ်လုပ်ငန်းတာဝန်အဖြစ်မှတ်ယူကြရမည်ဖြစ်သည်။

ယနေ့ကြုံတွေ့နေရသောစစ်ပွဲများတွင် စစ်နည်းဗျူဟာကျွမ်းကျင်မှု၊ လေကြောင်းအကဲသာမှုနှင့် အီလက်ထရောနစ်နည်းပညာသာလွန်မှု၊ လက်နက်ခဲယမ်းများခေတ်မီကောင်းမွန်မှု၊ ထိရောက်တိကျမှုတို့သည် စစ်ပွဲ၏အနိုင်အရှုံးကို အဓိကအဆုံးအဖြတ်ပေးလျက်ရှိသည်။ အဆိုပါအချက်များကို တပ်မတော်(ကြည်း၊ ရေ၊ လေ)အားလုံးတို့တွင် ဖြည့်ဆည်းပေးလျက်ရှိသည်။ တပ်မတော်(လေ)အနေဖြင့် နည်းပညာတိုးတက်လာမှုနှင့်အတူ ပြောင်းလဲကျင့်သုံးလာသည့်စစ်နည်းဗျူဟာများနှင့် လေယာဉ်တွင်တပ်ဆင်ထားသည့် စစ်လက်နက်ပစ္စည်းများကို ထိရောက်ကျွမ်းကျင်ပိုင်နိုင်စွာပစ်ခတ်နိုင်ရမည်ဖြစ်သည်။ ထိုသို့ဖြစ်နေစေရန်မှာ လေ့ကျင့်မှုပြည့်ဝနေရမည်ဖြစ်သည်။ စစ်မဟာဗျူဟာ၊ စစ်နည်းဗျူဟာများကို "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ"ဟူသောလုပ်ငန်းစဉ်အတိုင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာ့သမိုင်းကြောင်းတစ်လျှောက်တွင် တပ်မတော်၏အခန်းကဏ္ဍသည် လွန်စွာအရေးပါပြီးပဓာနကျသည့်အခန်းကဏ္ဍတွင်ရှိနေသည်။ တပ်မတော်(လေ)အနေဖြင့် သမိုင်းကြောင်းတစ်လျှောက် ပိုင်နက်ဝေဟင်စိုးမိုးရေးနှင့် လေကြောင်းရန်ကာကွယ်ရေးတာဝန်များသာမက ပြည်တွင်းသောင်းကျန်းမှုနှိမ်နင်းရေးစစ်ဆင်ရေးများတွင် ခေတ်အဆက်ဆက် တာဝန်ကျေပွန်အောင်ထမ်းဆောင်နိုင်ခဲ့သည်။ ပြည်ပကျူးကျော်မှု၊ ပြည်တွင်းသောင်းကျန်းမှုနှင့်မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကဏ္ဍများတွင် တပ်မတော်(ကြည်း)၊ တပ်မတော်(ရေ)၊ ပြည်သူလူထုနှင့်အတူ စွမ်းစွမ်းတမံတိုက်ပွဲဝင်ခဲ့သည့်သမိုင်းကောင်းများရှိထားသည်။ ထိုသို့ ကောင်းမြတ်သည့်အစဉ်အလာများကိုလက်ဆင့်ကမ်းထိန်းသိမ်းကြရမည်ဖြစ်သည်။

တပ်မတော်(လေ)၏အဓိကစွမ်းအားသည် သိပ္ပံနှင့်နည်းပညာ၊ ပျံသန်းရေးတို့ဖြစ်သည်။ ပျံသန်းရေး၏အရင်းအမြစ်မှာ ကျွမ်းကျင်မှုအတတ်ပညာပိုင်း၊ စက်မှုကဏ္ဍနည်းနာနိဿယ၊ အသိပညာရပ်သီအိုရီများအပြင် လေယာဉ်၊ ရဟတ်ယာဉ်များ နိုင်ငံတကာအဆင့်မီတည်ဆောက်၊ ဖန်တီး၊ တီထွင်၊ ပြုပြင်၊ ဆောင်ရွက် စသည်ဖြင့်နယ်ပယ်ကျယ်ဝန်းလျက်ရှိသည်။ ထိုသို့နယ်ပယ်ကျယ်ဝန်းလာသည်နှင့်အမျှ အသိ၊ အတတ်ပညာများမှာလည်း အသစ်၊ အသစ်များပေါ်ထွန်းလျက်ရှိသည်။ ထို့ကြောင့် တပ်မတော်သားတိုင်းသည် အမြဲတမ်းလေ့လာနေကြရသည်။ လေ့ကျင့်နေကြရသည်။ တတ်ကျွမ်းအောင်ကြိုးပမ်းနေကြရသည်။ သို့မှသာ နိုင်ငံတော်ကိုပြည့်ပြည့်ဝဝကာကွယ်နိုင်ကြမည်ဖြစ်သည်။ ထို့ကြောင့် တပ်မတော်(လေ)သည် တီထွင်ဆန်းသစ်စေမည့်ပညာရပ်ဆိုင်ရာခေတ်မီသိပ္ပံလမ်းကြောင်းပေါ်တွင် စဉ်ဆက်မပြတ်ရပ်တည်နေရမည်ဖြစ်သည်။

တပ်မတော်သားတို့သည် အမြဲလေ့ကျင့်နေရမည်။ အမြဲစစ်ရေးသတိရှိနေရမည်။ အမြဲတိုက်ပွဲဝင်အသင့်ရှိနေရမည်ဖြစ်သည်။ ထိုသို့ရှိနေရန်အတွက် တပ်မတော်(လေ)၏အဓိကမောင်းနှင်အားသည် ပျံသန်းရေးဖြစ်သည့်အတွက် နှစ်စဉ်မပြတ် လေသူရဲများမွေးထုတ်ပေးလျက်ရှိသည်။ ထိုသို့လေသူရဲများမွေးထုတ်ပေးရာတွင် ထူးခြားချက်အနေဖြင့် အမျိုးသားများသာမက အမျိုးသမီးများကိုပင် လေသူရဲတာဝန်ပေးအပ်လာခဲ့ပြီဖြစ်သည်။ အမျိုးသမီးလေသူရဲများကို ယခင်ကသယ်ယူပို့ဆောင်ရေးလေယာဉ်နှင့်ရဟတ်ယာဉ်များတွင်သာ တာဝန်ပေးခဲ့ရာမှ ယနေ့အချိန်အခါတွင် တိုက်လေသူရဲများတာဝန်ကိုပင် ထမ်းဆောင်နေကြပြီဖြစ်သည်။ အမျိုးသမီးလေသူရဲတို့၏စိတ်ဓာတ်များ မိုးထိမြင့်မားစေခဲ့ပြီဖြစ်သည်။ လေသူရဲကောင်းများမွေးထုတ်ပေးခြင်းမှာ မျိုးဆက်အဟောင်းနှင့်အသစ်ချိတ်ဆက်ပေါင်းကူးပေးထားခြင်းပင်ဖြစ်သည်။

တပ်မတော်(လေ)သည် အမိနိုင်ငံတော်၏ဝေဟင်ပိုင်နက်ကို အဓိကကာကွယ်စောင့်ရှောက်ရန်ဖြစ်သော်လည်း မိမိတို့၏ဝေဟင်ပိုင်နက်မှတပ်မတော်(ကြည်း)၊ တပ်မတော်(ရေ)တို့နှင့်ပေါင်းစပ်၍ အမိမြေနှင့်အမိအဏ္ဏဝါရေပြင်တို့ကိုလည်း ကာကွယ်စောင့်ရှောက်နေရန်ဖြစ်သည်။ လေကြောင်းစွမ်းအားစုဖြစ်သည့် ခေတ်မီလေယာဉ်၊ စက်ပစ္စည်းများ၊ ခေတ်မီစစ်လက်နက်ပစ္စည်းများ၊ အရည်အသွေးမြင့်မားသောလေသူရဲများ၊ အရည်အချင်းပြည့်ဝသည့် စက်မှုလက်မှုအရာရှိ၊ စစ်သည်များ၊ အီလက်ထရွန်နစ်နှင့်အုပ်ချုပ်မှု၊ ထောက်ပံ့မှုဆိုင်ရာအရာရှိ၊ စစ်သည်များမှာ စွမ်းရည်ထက်မြက်သည့်အရာရှိ၊ စစ်သည်များဖြစ်လာစေရေး အစဉ်အမြဲလေ့ကျင့်လျက်ရှိသည်။

တပ်မတော်၏တာဝန်သည် ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်၊ ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်ဟူ၍ခံယူဆောင်ရွက်လျက်ရှိရာ တပ်မတော်(လေ)သည် အဆိုပါတာဝန်ကြီးသုံးရပ်ကို ထမ်းဆောင်လျက်ရှိသည်။ ပြည်သူလူထုအပေါ်ကျရောက်လာသောသဘာဝဘေးအန္တရာယ်ကြောင့် နေရာရွှေ့ပြောင်းပေးခြင်း၊ စားနပ်ရိက္ခာများပို့ဆောင်ခြင်း၊ ဆေးဝါးများပို့ဆောင်ခြင်း၊ မကျန်းမာသူများကို သယ်ပို့ခြင်းစသည်ဖြင့် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ဥစ္စာများကိုကာကွယ်စောင့်ရှောက်လျက်ရှိသည်။ ယခုအခါ တပ်မတော်(လေ)သည် (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့သို့ရောက်ရှိခဲ့ပြီဖြစ်ပေရာ စွမ်းရည်သုံးရပ်ထက်မြက်သည့်တပ်မတော်(လေ)အဖြစ် နှစ်ပေါင်းများစွာတည်တံ့ခိုင်မာပါစေကြောင်းဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။




## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန်ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၆-၁၂-၂၀၂၄(တနင်္လာနေ့)

၁။ ၆:၀၂ နိုင်ငံတော်သီချင်း
၂။ ၆:၀၃ တရားတော်
၃။ ၇:၂၀ ဓမ္မပူဇာတေး
၄။ ၇:၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၅။ ၇:၄၅ မြန်မာ့ရှုခင်း
၆။ ၈:၀၀ မြဝတီနေ့စဉ်သတင်း
၇။ ၈:၂၅ ကျန်းမာသုတ
၈။ ၉:၃၅ တစ်ပတ်အတွင်းနိုင်ငံတကာသတင်း
၉။ ၁၀:၃၅ သီချင်းလက်ဆောင်
၁၀။ ၁၀:၄၅ Liked
၁၁။ ၁၁:၄၅ သာယာသီကြွေးခေတ်ဆန်းတေး
၁၂။ ၁၃:၁၀ အမှတ်တရနေ့ရက်များ
၁၃။ ၁၆:၃၀ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၁၄။ ၁၉:၀၀ **(၃၈) ဖြာမင်္ဂလာ ကတည်းက**
၁၅။ ၁၉:၄၀ **မြူမှောင်ဝေကင်း**


စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၂၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# (၇၇)နှစ်မြောက် တပ်မတော်(လေ)နှစ်ပတ်လည်နေ့နှင့် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနားမှ တာဝန်ရှိသူများ၏စကားသံများ

နေပြည်တော် ဒီဇင်ဘာ ၁၅

**(၇၇)နှစ်မြောက် တပ်မတော်(လေ)နှစ်ပတ်လည်နေ့နှင့် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနားကို မိတ္ထီလာတပ်နယ် လေကြောင်းအတတ်သင်လေတပ်စခန်းဌာနချုပ်၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပခဲ့ရာ တာဝန်ရှိသူများ၏စကားသံများကို ဖော်ပြလိုက်ရပါတယ်-**



ဗိုလ်မှူးကြီးခန့်နေသွေး



ဒုတိယဗိုလ်မှူးကြီးအေးမင်းမောင်



ဒုတိယဗိုလ်မှူးကြီးလှစိုး



ဗိုလ်မှူးနေလင်းမောင်



ဗိုလ်မှူးအောင်ထူး



ဗိုလ်ကြီးနိုင်ထွန်းအောင်

**ဗိုလ်မှူးကြီးခန့်နေသွေး**
**(ပြခန်းတာဝန်ခံအရာရှိ)**

ပြခန်းခင်းကျင်းပြသထားမှုနဲ့ပတ်သက်လို့ကတော့ ကျွန်တော်တို့ ပြခန်းဟာ ယခုကျင်းပနေတဲ့ (၇၇)နှစ်မြောက် တပ်မတော်(လေ)နှစ်ပတ်လည်နေ့နှင့် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနားရဲ့အစိတ်အပိုင်းတစ်ခု၊ အထိမ်းအမှတ်တစ်ခုအနေနဲ့ ခင်းကျင်းပြသထားခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ပြခန်းမှာ ပြကွက်ငါးခုနဲ့ခင်းကျင်းပြသထားပါတယ်။ ပထမပြကွက်မှာတော့ လေကြောင်းသမိုင်းနှင့် တပ်မတော်(လေ)သမိုင်းကို မှတ်တမ်းဓာတ်ပုံများနှင့် အကျဉ်းချုပ်ပြသထားပါတယ်။ ဒုတိယပြကွက်မှာတော့ ပြီးခဲ့တဲ့တစ်နှစ်တာအတွင်း တပ်မတော်(လေ)က ဆောင်ရွက်ခဲ့တဲ့မှတ်တမ်းအချို့ကို ပြသထားပါတယ်။ ဒီပြကွက်မှာတော့ ပြီးခဲ့တဲ့တစ်နှစ်တာကာလအတွင်း တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့်လက်မှတ်ရရှိသူများစာရင်းကို ပြသထားပါတယ်။ တတိယပြကွက်မှာတော့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနားတက်ရောက်ခဲ့ခြင်းဆိုင်ရာ မှတ်တမ်းဓာတ်ပုံများ၊ ၂၀၂၃-၂၀၂၄ ခုနှစ်ကာလအတွင်း ကာကွယ်ရေးဦးစီးချုပ်(လေ)၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊ တပ်မတော်(လေ)နှင့် နိုင်ငံတကာလေတပ်တို့ ထိတွေ့ဆက်ဆံမှုဆိုင်ရာမှတ်တမ်းဓာတ်ပုံများနှင့် တပ်မတော်(လေ)၏ ပြည်သူ့အကျိုးပြုလုပ်ငန်းဆိုင်ရာ မှတ်တမ်းဓာတ်ပုံများကို ပြသထားပါတယ်။ စတုတ္ထပြကွက်မှာတော့ တပ်မတော်(လေ)ရဲ့မျိုးဆက်သစ်မွေးထုတ်ပေးခြင်းနှင့်သက်ဆိုင်တဲ့ မှတ်တမ်းဓာတ်ပုံများကို ပြသထားတာဖြစ်ပါတယ်။ ဒီပြကွက်မှာတော့ လေကြောင်းလူငယ်သင်တန်းများဖွင့်လှစ်ခြင်းဆိုင်ရာမှတ်တမ်းဓာတ်ပုံများ၊ လေသူရဲလေ့ကျင့်မွေးထုတ်ပေးခြင်းဆိုင်ရာ မှတ်တမ်းဓာတ်ပုံများနဲ့ စက်မှုလက်မှု အရာရှိ၊ စစ်သည်၊ စစ်သည်ကိုယ်စားခန့်များ မွေးထုတ်ပေးနေမှုဆိုင်ရာမှတ်တမ်းဓာတ်ပုံများကို ပြသထားပါတယ်။ ပဉ္စမပြကွက်ကတော့ တပ်မတော်(လေ)ရဲ့စက်မှုလက်မှုဆိုင်ရာများကို ပြသထားတာဖြစ်ပါတယ်။ ဒီပြကွက်မှာတော့ တပ်မတော်(လေ)မှ စမ်းသပ်တီထွင်ထုတ်လုပ်ထားတဲ့ CVR (Clockpit Voice Recorder)၊ AICS (Aircraft Internal Communication System)၊ လေယာဉ်၊ ရဟတ်ယာဉ်သုံး Perspex များကို ပြသထားပါတယ်။ ဒါ့အပြင် ကိုယ်တိုင်ပြင်ဆင်ထုတ်လုပ်ထားတဲ့ Mobile Passenger Stairs နှင့် Bomb Loader တို့ကိုလည်း ပြသထားပါတယ်ခင်ဗျာ။

**ဒုတိယဗိုလ်မှူးကြီးအေးမင်းမောင်**
**(လေယာဉ်၊ ရဟတ်ယာဉ်များ ဆပ်ကော်မတီတွဲဖက်အတွင်းရေးမှူး)**

ဒီနေ့အခမ်းအနားမှာ ပါဝင်ပျံသန်းခဲ့သည့် အုပ်ဖွဲ့အမျိုးအစား ရှစ်မျိုး၊ လေယာဉ်၊ ရဟတ်ယာဉ် ၁၅ မျိုး စုစုပေါင်း ၂၇ စင်းဖြင့် ပျံသန်းသရုပ်ပြသွားခဲ့တာဖြစ်ပါတယ်။ အလံချိတ်ဆွဲပျံသန်းခဲ့တဲ့ ဟင်္သာအုပ်ဖွဲ့၊ Zebra အုပ်ဖွဲ့၊ ပျံလွှားအုပ်ဖွဲ့၊ ဆင်ပျံအုပ်ဖွဲ့၊ Puma အုပ်ဖွဲ့၊ Hunter အုပ်ဖွဲ့၊ Eagle အုပ်ဖွဲ့နှင့် ရန်နိုင်အုပ်ဖွဲ့တို့ ဖြစ်ပါတယ်။ တစ်ဦးချင်းစွမ်းရည်ပြသမှုအနေနဲ့ MiG-29 ဘက်စုံသုံးတိုက်လေယာဉ်မှ Zoom Climb စွမ်းရည်ပြသပျံသန်းခြင်းနှင့် SU-30 အကြီးစား ဘက်စုံသုံးတိုက်လေယာဉ်မှ Oblique Loop Maneuver၊ Multiple Roll Maneuver၊ High AOA Loop Maneuver တို့ဖြင့် စွမ်းရည်ပြသပျံသန်းခဲ့ကြပါတယ်။ တပ်တော်ဝင်တဲ့ အသစ်ဝယ်ယူထားတဲ့ လေယာဉ်၊ ရဟတ်ယာဉ် အမျိုးအစားတွေကတော့ FTC-2000G ဘက်စုံသုံး ဂျက်တိုက်လေယာဉ်ခြောက်စင်း၊ K-8W ဂျက်တိုက်လေယာဉ်တစ်စင်း၊ Y-8 F-200WB သယ်ယူပို့ဆောင်ရေးလေယာဉ်တစ်စင်း၊ Mi-17 အထွေထွေသုံးရဟတ်ယာဉ်ခြောက်စင်းတို့ဖြစ်ပါတယ်။ ကျွန်တော်တို့အနေဖြင့် ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်တွင် လေယာဉ်၊ရဟတ်ယာဉ်များအခြေပြုနေရာအလိုက် လေ့ကျင့်ပျံသန်းခြင်းကို စတင်ခဲ့ပြီး အုပ်ဖွဲ့ခေါင်းဆောင်များ လမ်းကြောင်းကြည့်ရှုပျံသန်းခြင်း၊ အုပ်ဖွဲ့များအားလုံး လမ်းကြောင်းကြည့်ရှုပျံသန်းခြင်း၊ အုပ်ဖွဲ့ခေါင်းဆောင်များ စံချိန်ကိုက်ပျံသန်းခြင်းစသည်ဖြင့် လေ့ကျင့်ပျံသန်းခြင်းများကို ပျံသန်းလေ့ကျင့်မှုရက် ၁၂ ရက်ဖြင့် ကြိုတင်လေ့ကျင့်ခဲ့ကြပါတယ်၊ အုပ်ဖွဲ့များမလေ့ကျင့်မီတွင်လည်း ဘေးအန္တရာယ်ကင်းရှင်းပြီးအောင်မြင်စွာပျံသန်းနိုင်ရန်အတွက် အသေးစိတ်အစည်းအဝေးများ ပြုလုပ်ခဲ့သလိုလေ့ကျင့်နေသည့်နေ့ရက်တိုင်းမှာလည်း နေ့စဉ်အားနည်းချက်၊ တွေ့ရှိချက်များကို ပြင်ဆင်နိုင်ရန် အုပ်ဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးလှစိုး**
**(ဟင်္သာအုပ်ဖွဲ့ခေါင်းဆောင်)**

ကျွန်တော့်အနေနဲ့ နိုင်ငံတော်အလံချိတ်ဆွဲပျံသန်းတဲ့ ဟင်္သာအုပ်ဖွဲ့မှာ အုပ်ဖွဲ့ခေါင်းဆောင်အနေနဲ့ တာဝန်ယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ခေါင်းဆောင် Mi-17 ရဟတ်ယာဉ်တစ်စင်းမှ နိုင်ငံတော်အလံကို ချိတ်ဆွဲပြီး နောက်ထပ် Mi-17 ရဟတ်ယာဉ်တစ်စင်းမှ တပ်မတော်အလံကိုချိတ်ဆွဲ၍ Eurocopter နှစ်စင်းမှ ခြံရံလိုက်ပါလျက် Composite Formation ခေါ် အုပ်ဖွဲ့ပုံသဏ္ဌာန်ဖြင့် အုပ်ဖွဲ့ပျံသန်းသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွက် ကျရောက်လာနိုင်တဲ့မည်သည့်ဘေးအန္တရာယ်မျိုးကိုမဆို တပ်မတော်(လေ)အနေနဲ့ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် အမျိုးဘာသာသာသနာကို ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲကာ စည်းလုံးညီညွတ်စွာ ကာကွယ်စောင့်ရှောက်သွားမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပျံသန်းခဲ့တာဖြစ်ပါတယ်၊ ဒီလိုပျံသန်းသရုပ်ပြနိုင်ဖို့အတွက် ကြိုတင်ညှိနှိုင်းအစည်းအဝေးများကို ပြုလုပ်ခြင်း၊ သရုပ်ပြပျံသန်းမှုတွင်ပါဝင်တဲ့ အုပ်ဖွဲ့များအလိုက်ညှိနှိုင်းအစည်းအဝေးများပြုလုပ်ခြင်းနှင့်လက်တွေ့ပျံသန်းလေ့ကျင့်တဲ့အခါမှာ တွေ့ကြုံရသည့်အခက်အခဲတွေအပေါ် တစ်ဦးတစ်ယောက်ချင်းစီအလိုက် ပေါင်းစပ်ညှိနှိုင်းသုံးသပ်ပြီး ပြင်ဆင်လေ့ကျင့်မှုများ ပြုလုပ်ခဲ့ပါတယ်။ ယခုလိုတပ်တော်ဝင်အခမ်းအနားမှာ အုပ်ဖွဲ့ခေါင်းဆောင်တစ်ဦးအနေနဲ့ နိုင်ငံတော်အလံနှင့် တပ်မတော်အလံများကို သယ်ဆောင်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို ပျံသန်းအလေးပြုခွင့်ရတဲ့အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ပြောကြားလိုပါတယ်၊ တပ်မတော်(လေ)အနေနဲ့ နိုင်ငံတော်ကာကွယ်ရေးတာဝန်များအပြင် သဘာဝဘေးအန္တရာယ်နှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးတာဝန်များကိုလည်း ထမ်းဆောင်ရသလို ယခုကဲ့သို့ နိုင်ငံတော်အဆင့်အခမ်းအနားမှာ တာဝန်ပေးအပ်ခြင်းခံရတဲ့အတွက်ရော တာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ခဲ့တဲ့အတွက်ပါ များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ပြောကြားလိုပါတယ်။

**ဗိုလ်မှူးနေလင်းမောင်**
**(Puma အုပ်ဖွဲ့ခေါင်းဆောင်)**

ကျွန်တော့်အနေနဲ့ ဒီနေ့အခမ်းအနားမှာ Puma အဖွဲ့ခေါင်းဆောင်အနေနဲ့ တာဝန်ယူ ပျံသန်းအလေးပြုသွားမှာဖြစ်ပါတယ်။ ဒီလိုသရုပ်ပြပျံသန်းရတာ ကျွန်တော်တို့တပ်မတော်(လေ)အတွက်ရော ကျွန်တော်တို့ လေသူရဲတစ်ဦးချင်းစီအတွက်ပါ ထူးခြားလေးနက်တဲ့ဂုဏ်ဒြပ်တစ်ခုပါ။ အဲဒီအတွက် ကျွန်တော်တို့အုပ်ဖွဲ့ကိုပေးအပ်ထားတဲ့တာဝန်ကို ဒီအခမ်းအနားမှာပါဝင်တဲ့ လေသူရဲအားလုံးက ဂုဏ်ယူစွာနဲ့ ကျေပွန်စွာထမ်းဆောင်သွားကြမယ်ဆိုတဲ့ရည်မှန်းချက်တွေနဲ့သရုပ်ပြပျံသန်းခဲ့ကြတာဖြစ်ပါတယ်။

**ဗိုလ်ကြီးနိုင်ထွန်းအောင်**
**(Eagle အုပ်ဖွဲ့ခေါင်းဆောင်)**

ဒီနေ့ပြုလုပ်တဲ့ တပ်တော်ဝင်အခမ်းအနားနဲ့ (၇၇)နှစ်မြောက်တပ်မတော်(လေ)နှစ်ပတ်လည်နေ့အခမ်းအနားမှာ ကျွန်တော့်အနေနဲ့ Eagle Formation အုပ်ဖွဲ့ခေါင်းဆောင်အဖြစ် အုပ်ဖွဲ့ပျံသန်းအလေးပြုသွားမှာဖြစ်ပါတယ်၊ ယနေ့အခမ်းအနားမှာ FTC-2000G လေယာဉ်သုံးစင်းဖြင့်မြားဦးချွန်ပုံစံပျံသန်းခြင်းနဲ့ ယပ်တောင်ဖြာထွက်သည့်ပုံစံပျံသန်းခြင်းတို့ဖြင့် သရုပ်ပြပျံသန်းအလေးပြုသွားမှာဖြစ်ပါတယ်။ ယခုလိုပျံသန်းသရုပ်ပြနိုင်ဖို့အတွက် အုပ်ဖွဲ့မှာပါဝင်တဲ့လေသူရဲအချင်းချင်း ဆွေးနွေးတိုင်ပင်မှုများပြုလုပ်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ခြင်းများဖြင့် ဘေးအန္တရာယ်ကင်းရှင်းစွာ ပျံသန်းနိုင်ရေးအတွက် အဓိကထားလေ့ကျင့်ခဲ့ပါတယ်။

**ဗိုလ်မှူးအောင်ထူး**
**(ရန်နိုင်အုပ်ဖွဲ့ခေါင်းဆောင်)**

ကျွန်တော့်အနေနဲ့ ရန်နိုင်အုပ်ဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူဆောင်ရွက်မှာဖြစ်တယ်။ ကျွန်တော်တို့ အုပ်ဖွဲ့မှာ Grob-120 TP လေ့ကျင့်ရေးလေယာဉ်တစ်စင်း၊ MiG-29 စတုတ္ထမျိုးဆက်တိုက်ခိုက်ရေးလေယာဉ်တစ်စင်းနှင့် Su-30 စတုတ္ထမျိုးဆက်လွန် တိုက်ခိုက်ရေးလေယာဉ်တစ်စင်းတို့ပေါင်းစပ်ပြီး Composite Formation ဖြင့် သရုပ်ပြပျံသန်းအလေးပြုသွားမှာဖြစ်တယ်။ ကျွန်တော်တို့အုပ်ဖွဲ့အနေနဲ့အမျိုးအစားမတူညီတဲ့ လေယာဉ်သုံးမျိုးကို ပေါင်းစပ်ပြီး Composite Formation ဖြင့် ဦးစွာသရုပ်ပြမှာဖြစ်ပြီး ရှုရပ်ကိုကျော်လွန်သွားချိန်မှာ MiG-29 လေယာဉ်က ပြန်လည်ပြီး ပြေးလမ်းရဲ့အရှေ့မြောက်ဘက်မှ အနောက်တောင်ဘက်သို့ Zoom Climb Maneuver ဆောင်ရွက်သွားမှာဖြစ်တယ်။ Su-30 လေယာဉ်ကလည်း ရှုရပ်ရဲ့မျက်နှာချင်းဆိုင်တွင် Oblique Loop၊ Multiple Roll၊ High AOA Loop နဲ့ Flare များ ပစ်လွှတ်ကာ သရုပ်ပြပျံသန်းသွားမှာဖြစ်ပါတယ်။ ။

**တွေ့ဆုံမေးမြန်း**
**ဖိုးနိုင်(မြဝတီ)**

# လာမယ့်ဩဂုတ်လလောက်မှာ အရှေ့တောင်အာရှ ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတစ်ခုရှိတဲ့အတွက် ဒီကထွက်ပေါ်လာမယ့် မျိုးဆက်သစ်ကစားသမားတွေနဲ့ သွားရောက်ယှဉ်ပြိုင်ဖို့ရှိပါတယ်။

ဦးကျော်သန်း(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်)

နေပြည်တော် ဒီဇင်ဘာ ၁၅

**ပဉ္စမအကြိမ် အမျိုးသားအားကစားပြိုင်ပွဲကို ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ သတ်မှတ်နေရာအသီးသီးတွင် ဆက်လက်ကျင်းပလျက်ရှိရာ သက်ဆိုင်ရာအားကစားနည်းအလိုက် တာဝန်ရှိသူများနှင့် ပါဝင်ယှဉ်ပြိုင်ကြသူများအား တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ပါသည်-**

**မောင်ထက်ညီညီနိုင်**
**(ဧရာဝတီတိုင်းကိုယ်စားပြု)**
**အမျိုးသား ၆၇ ကီလိုတန်း အလေးမပြိုင်ပွဲ**

ဒီနေ့ပြိုင်ခဲ့ရတဲ့ပြိုင်ပွဲမှာ လက်ကထိခိုက်ထားတော့ ကျွန်တော်ရထားပြီးသား စံချိန်ထက်နည်းနည်းတော့ လျော့သွားတယ်။ နောက်ပွဲတွေကျရင်တော့ အကောင်းဆုံးကြိုးစားသွားမှာပါ။ ဒီနေ့ပြိုင်ပွဲမှာ ရွှေရပါတယ်။ ကျွန်တော်က ၆၇ ကီလိုတန်းမှာ မြန်မာပြည်စံချိန်ချိုးဖို့ ကြိုးစားနေတယ်။ ကျွန်တော်က ပြည်တွင်းပြိုင်ပွဲတွေကို ၂၀၁၄-၂၀၁၅ ခုနှစ် အသက် ၁၂ နှစ်အရွယ်ကတည်းက စပြိုင်တာပါ။ အသက် ၁၄ နှစ်အရွယ် အိုလံပစ်နေ့မှာ ရွှေတစ်ခုရတယ်။ နောက်တစ်နှစ်မှာ တိုင်းနဲ့ ပြည်နယ်အဆင့် ကြေးတံဆိပ်၊ ပြီးတော့နောက်နှစ်တွေမှာ ရွှေသုံးခု ဆက်တိုက်ရခဲ့ပါတယ်။ ကျွန်တော့်အဖေက ဂျူဒိုကစားသမား၊ အမေက အေရိုးဗစ်ကစားသမားပါ။ ကျွန်တော့်မျိုးရိုးလည်း အားကစားမျိုးရိုးဆိုတော့ အားကစားကို နှစ်သက်တယ်။ ကျွန်တော့်အနာဂတ်က ဆီးဂိမ်းသွားမယ်၊ ရွှေတံဆိပ်ဆုတွေယူမယ်။ ကျွန်တော်တို့ အလေးမအားကစားက မျိုးဆက်သစ်ရှားတဲ့ ကစားနည်းဖြစ်တယ်။ အလေးမအားကစားလုပ်ချင်တဲ့သူတိုင်း လုပ်လို့မရဘူး။ မျိုးဆက်သစ်တွေမွေးထုတ်ဖို့က ဒီလိုအားကစားပွဲတွေ များများကျင်းပပေးဖို့လိုတယ်။ တကယ့်အလေးမအားကစားသမားကောင်းတွေ ထွက်ဖို့ဆိုရင် ပြိုင်ပွဲတွေမတိုင်မီ အနည်းဆုံး ခြောက်လလောက် Camp သွင်းပြီး လေ့ကျင့်သင့်တယ်။ အလေးမကစားသမားကောင်းတစ်ယောက်ဖြစ်လာဖို့ သတိထားရမှာက အိပ်ချိန်၊ စားချိန်မှန်ရမယ်၊ ပြင်းပြင်းထန်ထန် လေ့ကျင့်ရမယ်။ ထိခိုက်နာကျင်မှု မဖြစ်ဖို့ အထူးဂရုစိုက်ရပါမယ်။

**ရဲထွန်းနောင်**
**(ကမ္ဘာ့ချန်ပီယံရှစ် ရွှေတံဆိပ်ဆုရ မြန်မာ့လက်ရွေးစင် ကာယဗလကစားသမား)**

ကမ္ဘာ့ချန်ပီယံရှစ် ရွှေတံဆိပ်ဆုရ၊ အာရှချန်ပီယံရှစ် ကာယဗလနှင့်ကာယ ကြံ့ခိုင်မှုပြိုင်ပွဲ ၇၅ ကီလိုတန်းတွင် ရွှေတံဆိပ်ဆုရရှိထားတဲ့ မြန်မာ့လက်ရွေးစင်ကာယဗလကစားသမား တစ်ဦးဖြစ်ပါတယ်။



မောင်ထက်ညီညီနိုင်



ဦးကျော်သန်း



မောင်ထွန်းလင်းအောင်



ဒေါ်သန်းသန်းဝင်း

အခုလက်ရှိ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲမှာ ချင်းပြည်နယ်ကိုယ်စားပြုအနေနဲ့ ဒိုင်တစ်ဦးအဖြစ် ပါဝင်ဆောင်ရွက်နေတယ်။ ကာယဗလမောင်တစ်ယောက်ဖြစ်ဖို့က စိတ်ဓာတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ ဖွဲ၊ လုံ့လ၊ ဝီရိယနဲ့ အားသွန်ခွန်စိုက် ကြိုးစားဖို့လိုတယ်။ အစားအသောက်၊ အနေအထိုင်ကအစ စနစ်ကျဖို့လိုတယ်။ ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ဖို့လိုတယ်။ Fitness ပိုင်းဆိုင်ရာကစားနည်းဖြစ်တဲ့အတွက် ဆော့တဲ့လူတိုင်းအတွက် ပိုကျန်းမာစေတယ်။ နှလုံးသွေးလည်ပတ်မှု ကောင်းတယ်။ ကြံ့ခိုင်မှုပြည့်တယ်။ ဂျူနီယာတွေအနေနဲ့ ဒီကစားနည်းကို ကစားတဲ့အခါ ဝါသနာရှင်ပဲဖြစ်ဖြစ်၊ ခဏတာကစားတဲ့သူပဲဖြစ်ဖြစ် Professional ကစားမယ်ဆိုရင် နည်းလမ်းကောင်းတွေ တတ်ကျွမ်းတဲ့ဆရာကြီးတွေ၊ စီနီယာတွေဆီမှာ လေးလေးစားစားနဲ့ သင်ယူမယ်ဆိုရင်ပိုထိရောက်ပါတယ်။ ကာယဗလမောင်ပြိုင်ပွဲကို ထည့်သွင်းကျင်းပတာက မြန်မာ့လက်ရွေးစင်ကစားသမားတွေ များစွာထွက်ပေါ်နိုင်တဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်။

**ဦးကျော်သန်း**
**(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်)**

အမျိုးသားအားကစားပွဲတော်မှာ ထည့်သွင်းကျင်းပတဲ့ကစားနည်း ၁၆ နည်းပါဝင်တယ်။ ပထမနေ့မှာ ပွဲစဉ်ရှစ်တန်း စတင်ယှဉ်ပြိုင်တာဖြစ်တယ်။ အမျိုးသားကာယဗလပြိုင်ပွဲ လေးတန်း၊ Fitness အပါအဝင် ကာယကြံ့ခိုင်မှုပြိုင်ပွဲ သုံးတန်းရှိတယ်။ အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲ တစ်တန်းယှဉ်ပြိုင်တာဖြစ်ပါတယ်။ ပါဝင်ယှဉ်ပြိုင်ကြတဲ့ အားကစားသမားတွေက မျှော်မှန်းထားတာထက် ပိုမိုကောင်းမွန်ကြတာတွေ့ရတယ်။ နိုင်ငံတော်က ရည်မှန်းထားတဲ့ မျိုးဆက်သစ်အားကစားသမားတွေ ပေါ်ပေါက်ဖို့ကိုလည်း ကြည့်ရှုရွေးချယ်သွားမှာဖြစ်တယ်။ အဖွဲ့ချုပ်ကနေ ဒိုင်ကိုးဦးကိုရွေးချယ်ပြီး တာဝန်ပေးထားပါတယ်။ ပြည်နယ်နှင့်တိုင်းက ဒိုင်တွေကိုလည်း ထည့်သွင်းထားတယ်။ နောင်လာမည့် ဆီးဂိမ်းတို့၊ Sea Championship စတဲ့ နိုင်ငံတကာပြိုင်ပွဲတွေမှာ သွားရောက်ယှဉ်ပြိုင်တဲ့အခါ အောင်မြင်မှုရနိုင်တဲ့အနေအထားရှိပါတယ်။ လာမယ့်ဩဂုတ်လလောက်မှာ အရှေ့တောင်အာရှ ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတစ်ခုရှိတဲ့အတွက် ဒီကထွက်ပေါ်လာမယ့် မျိုးဆက်သစ်ကစားသမားတွေနဲ့ သွားရောက်ယှဉ်ပြိုင်ဖို့ရှိပါတယ်။

**မောင်ထွန်းလင်းအောင်**
**(ကချင်ပြည်နယ်ပြိုင်ပွဲဝင်၊ တိုက်ကွမ်ဒို ရွှေတံဆိပ်ဆုရ)**

အမျိုးသား ပင်း (၅၄)ကီလိုအောက်မှာ ပါဝင်ယှဉ်ပြိုင်ခဲ့တာဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ဖို့ သန်လျင်ကလပ်နဲ့ အောင်ဆန်းကွင်းမှာ လေ့ကျင့်မှုတွေပြုလုပ်ခဲ့တယ်။ ပြိုင်ပွဲမစတင်ခင် ကချင်က Training ဆရာနဲ့ နေပြည်တော်မှာလည်း ကြိုတင်လေ့ကျင့်မှုတွေလုပ်ခဲ့တယ်။ အခုလို ရွှေတံဆိပ်ဆုရတဲ့အတွက်လည်း ဝမ်းသာပါတယ်။ အားကစားတစ်ခုကို လေ့ကျင့်တဲ့အခါ အရင်ဆုံးစိတ်ဓာတ်ပိုင်းဆိုင်ရာကို ပြင်ဆင်ပြီးမှလေ့ကျင့်တာက ထူးချွန်တဲ့ ကစားသမားတစ်ယောက်ဖြစ်မယ်လို့ ယုံကြည်တဲ့အတွက်တိုက်ကွမ်ဒိုကစားနည်းကို လေ့ကျင့်တဲ့အခါ စိတ်ပိုင်းဆိုင်ရာရော၊ နည်းစနစ်ပိုင်းတွေမှာပါ ဆရာတွေရဲ့ သွန်သင်မှုတွေကိုအလေးထားပြီး ကြိုးစားလေ့ကျင့်ခဲ့တယ်။ အခုလိုအောင်မြင်မှုတွေရရှိတာကလည်း ဆရာတွေရဲ့ကျေးဇူးတွေ အများကြီးပါတယ်။ ပြည်နယ်နှင့်တိုင်းပွဲတွေမှာလည်း သုံးနှစ်ဆက်တိုက် ရွှေတံဆိပ်ရရှိထားပါတယ်။ ဒီအမျိုးသားပွဲတော်မှာ ရွှေတံဆိပ်ဆုထပ်မံရရှိတဲ့အတွက် လူငယ်ကစားသမားတစ်ယောက်အနေနဲ့ အားရကျေနပ်မိပါတယ်။ ထပ်မံပြီးလည်း နိုင်ငံတကာပြိုင်ပွဲတွေမှာ ရွှေတံဆိပ်ဆုတွေရရှိအောင် ကြိုးစားသွားပါမယ်။

**ဒေါ်သန်းသန်းဝင်း**
**(ပြေးခုန်ပစ် ပန်းဝင်တာဖမ်းအဖွဲ့ဝင်)**

ကျွန်မတို့အဖွဲ့က မီတာအလိုက်ပြေးခုန်ပစ်အားကစားပြိုင်ပွဲမှာ ပန်းဝင်တဲ့အချိန် စံချိန်တွေကို မှတ်တမ်းတင်ရပါတယ်။ မကျင်းပတာလည်းကြာပြီဆိုတော့ ဒီပြိုင်ပွဲကြီးကနေ မျိုးဆက်သစ် အားကစားသမားတွေကို မွေးထုတ်ပေးနိုင်တဲ့အတွက် အမြဲမပြတ်ကျင်းပသင့်တဲ့ အားကစားပွဲတော်ဖြစ်တယ်။ စံချိန်ကောင်းတဲ့လူငယ်တွေကို မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်ကနေ ရွေးချယ်ပြီးတော့ မြန်မာ့လက်ရွေးစင်ဟောင်း နည်းပြကြီးတွေနဲ့ လေ့ကျင့်ပေးတာဖြစ်တဲ့အတွက် ဆီးဂိမ်းတို့ Asian Games ပြိုင်ပွဲတွေမှာ အထောက်အကူပြုပါတယ်။ လက်ရှိမီတာ ၁၀၀ ပြိုင်ပွဲမှာဆိုရင် ယှဉ်ပြိုင်အားထုတ်မှုတော်တော်ကို ကောင်းကြပါတယ်။ ကျွန်မတို့လည်း ငယ်ငယ်က မီတာ ၁၀၀ ပြေးခဲ့တာဆိုတော့ ပြိုင်ပွဲဝင်ကလေးတွေရဲ့ စံချိန်တွေကောင်းကြတဲ့အပေါ် ဝမ်းသာပါတယ်။ အမြင့်ခုန်ဆိုလည်း အသက်အရွယ်ငယ်ကြပေမယ့် စံချိန်တွေကောင်းအောင်ခုန်နိုင်ကြသလို လမ်းလျှောက်ဆိုလည်း စံချိန်ချိုးတဲ့အတွက် ဒီနှစ်ကျင်းပတဲ့ ပဉ္စမအကြိမ်အားကစားပွဲတော်က တော်တော်ကိုကောင်းမွန်တဲ့ အားကစားပွဲတော်လို့ ပြောချင်ပါတယ်။

**တွေ့ဆုံမေးမြန်း**
**ခင်ရတနာ၊ ဇင်ဦး၊**
**ဟိန်းထက်ဇော်၊ မျိုးထက်ဦး**
**ဓာတ်ပုံ-ဟိန်းဇင်ထက်**

## ဘုတ်ပြင်းမြို့နယ်၌ သတ်မှတ်ဈေးနှုန်းဖြင့် ဆန်ရောင်းချမှု ရှိ၊ မရှိကွင်းဆင်းစစ်ဆေး

ဘုတ်ပြင်း ဒီဇင်ဘာ ၁၅

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့၌ အခြေခံစားသောက်ကုန်များ ဈေးနှုန်းတည်ငြိမ်ရေး၊ ပြည်သူများ လွယ်ကူလွတ်လပ်စွာဝယ်ယူစားသုံး၍ ကုန်ပစ္စည်းပြတ်လပ်မှုမရှိစေရေး၊ ဆန်ဆိုင်များ ပုံမှန်လည်ပတ်ဖွင့်လှစ်၍ သတ်မှတ်ဈေးနှုန်းဖြင့် ဆန်ရောင်းချခြင်းနှင့်စားသောက်ကုန်ပစ္စည်းများ ရောင်းချခြင်း ရှိ၊ မရှိကို ဒီဇင်ဘာလ ၁၄ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် တာဝန်ရှိသူများက ဘုတ်ပြင်းမြို့ပေါ်ရပ်ကွက်များရှိ ကုန်စုံဆိုင်များသို့သွားရောက်ပြီး အခြေခံအိမ်ထောင်စုများအား သတ်မှတ်ရည်ညွှန်းဈေးအတိုင်း ဆန်ရောင်းချပေးနေခြင်း ရှိ၊ မရှိ လိုက်လံကြည့်ရှုကြသည်။

ထို့နောက် အခြေခံစားသောက်ကုန်ပစ္စည်းများအား ကုန်ဈေးနှုန်းကြီးမြင့်စွာ ရောင်းချခြင်းမပြုလုပ်ကြရန်နှင့်ကုန်ဈေးနှုန်းတည်ငြိမ်ရေး ဆောင်ရွက်နေမှုအခြေအနေများအား ပြောကြားကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# နှစ်(၅၀)ပြည့် ရွှေရတုရခိုင်ပြည်နယ်နေ့အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်

စစ်တွေ ဒီဇင်ဘာ ၁၅

နှစ်(၅၀)ပြည့် ရွှေရတုရခိုင်ပြည်နယ်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေနှင့် ခွန်စံလွင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ဒုတိယဝန်ကြီး ဒေါ်နုမြဇံ၊ ဦးဇော်အေးမောင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဗဟိုအကြံပေးအဖွဲ့ အဖွဲ့ဝင် ဒေါ်အေးနုစိန်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ဂုဏ်ထူးဆောင်ဆု၊ ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်ခြင်းခံရသူများ တက်ရောက်ကြသည်။

ဦးစွာ နှစ်(၅၀)ပြည့်ရွှေရတု ရခိုင်ပြည်နယ်နေ့အခမ်းအနားကို ရက္ခပူရတေးဂီတအဖွဲ့၏ "ရွှေရတုချိန်ခါ ရခိုင်ပြည်နယ်ပါ" တေးသီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထံမှ နှစ်(၅၀)ပြည့် ရွှေရတုရခိုင်ပြည်နယ်နေ့ အခမ်းအနားသို့ပေးပို့သည့်သဝဏ်လွှာအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်



ဒေါက်တာဘရွှေက ဖတ်ကြားသည်။

ယင်းနောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုမှတ်တမ်းဗီဒီယိုကိုပြသပြီး နယ်စပ်ရေးရာဝန်ကြီးဌာနမှရခိုင်ပြည်နယ်အတွက်ပေးအပ်သည့် 50 W ဆိုလာနှင့်ဆက်စပ်ပစ္စည်းများအား ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်က ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဦးထိန်လင်းထံ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေနှင့် ဒေါက်တာမှုထန်တို့က ပြည်နယ်စီမံထူးချွန်ဆု(ပထမဆင့်)ရရှိသူများ၊ ပြည်နယ်စက်မှုစီးပွားထူးချွန်ဆု (ပထမဆင့်) ရရှိသူများ၊ ပြည်နယ်လူမှုထူးချွန်ဆု (ပထမဆင့်) ရရှိသူများအား ဂုဏ်ထူးဆောင်ဆုလက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ရခိုင်တိုင်းရင်းရိုးရာအကအဖွဲ့က "သျှိုင်ဒိုင်" တေးသီချင်းဖြင့် ကပြဖျော်ဖြေကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ဝင် ဒေါ်အေးနုစိန်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်တို့က ပြည်နယ်စီမံထူးချွန်ဆု(ဒုတိယဆင့်) ရရှိသူများ၊ ပြည်နယ်လယ်ယာစီးပွားထူးချွန်ဆု(ဒုတိယဆင့်)ရရှိသူများ၊ ပြည်နယ်စက်မှုစီးပွားထူးချွန်ဆု(ဒုတိယဆင့်) ရရှိသူများ၊ ပြည်နယ်လူမှုထူးချွန်ဆု (ဒုတိယဆင့်) ရရှိသူများအား ဂုဏ်ထူးဆောင်ဆုလက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြည်နယ်စီမံထူးချွန်ဆု (တတိယဆင့်) ရရှိသူများ၊ ပြည်နယ်လူမှုထူးချွန်ဆု (တတိယဆင့်) ရရှိသူများအား ဂုဏ်ထူးဆောင်ဆုလက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ရခိုင်တိုင်းရင်းသားရိုးရာအကအဖွဲ့က "ရိုးမရံစီ" တေးသီချင်းဖြင့် ကပြဖျော်ဖြေကြပြီး ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ဂုဏ်ပြုမှတ်တမ်းလွှာဆုရရှိကြသူများကို ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြကာ ရခိုင်တိုင်းရင်းသားရိုးရာအကအဖွဲ့က "ဇမ်း" တေးသီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဦးဆောင်သောအဖွဲ့သည် စစ်တွေမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးသို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသမှုခံယူနေကြသည့် လူနာများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်အားပေးစကားပြောကြားကာ အာဟာရဖြည့်စွက်စာများ ပေးအပ်ကြပြီး အထွေထွေရောဂါကုဆေးရုံကြီးမှ သမားတော်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ သူနာပြုများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဦးဆောင်သောအဖွဲ့သည် စစ်တွေမြို့ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၊ ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်သို့သွားရောက်ပြီး ရှေးဟောင်းအမွေအနှစ်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုကို လှည့်လည်ကြည့်ရှုကြကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်းတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုအရ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် သင်္ဘောများ၊ ရေယာဉ်များဖြင့် လူသုံးကုန်ပစ္စည်းများရောက်ရှိလာမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး ညနေပိုင်းတွင် စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ကျင်းပသော နှစ်(၅၀)ပြည့် ရွှေရတုရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ်ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြကြောင်း သိရသည်။ (သတင်းစဉ်)

# ရခိုင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးနှင့်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် ကြည့်ရှုစစ်ဆေး

စစ်တွေ ဒီဇင်ဘာ ၁၅

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်သူရ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် စစ်တွေမြို့ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ရောက်ရှိရာ ရခိုင်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်းကောင်း၊ လူငယ်သင်တန်းကျောင်းသင်တန်းကျောင်းအုပ်က သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များကိုလည်းကောင်း ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက



ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် နိုင်ငံတော်မှ အခမဲ့ပညာသင်ကြားရေးနှင့် နေထိုင်စားသောက်ရေးတို့ကို အလေးထားဆောင်ရွက်ပေးထားသည့်အပေါ် ကျေးဇူးသစ္စာစောင့်သိရိုသေကြရန်၊ ဆရာ၊ ဆရာမများနှင့် နည်းပြများအနေဖြင့် ကျောင်းသား၊ ကျောင်းသူများအား အတွေးအခေါ် အသိအမြင်နှင့် ဆင်ခြင်တုံတရားပြည့်ဝ၍ ဗလငါးတန်နှင့်ပြည့်စုံပြီး နောင်တစ်ချိန်တွင် မိမိနိုင်ငံ၊ မိမိဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၌ နိုင်ငံတော်မှ အားကိုးအားထားပြုရမည့် နိုင်ငံ့သားကောင်းရတနာများ၊ သမီးကောင်းရတနာများဖြစ်အောင် လေ့ကျင့်သင်ကြားပျိုးထောင်သွားကြရန်မှာကြား၍ ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ ဝန်ထမ်းများနှင့်ကျောင်းသား၊ကျောင်းသူများအားရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်အားပေးစကားပြောကြားခဲ့ပြီး ကျောင်းဝင်းအတွင်းရှိစာသင်ဆောင်၊ အိပ်ဆောင်၊ စားရိပ်သာ၊ စာကြည့်တိုက်၊ ကျောင်းသန့်ရှင်းသာယာလှပရေးနှင့် ရာသီသီးနှံစိုက်ပျိုးထားရှိမှုအခြေအနေအား ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## လေဖိအားနည်းရပ်ဝန်း တစ်ခုဖြစ်ပေါ်နိုင်

နေပြည်တော် ဒီဇင်ဘာ ၁၅

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်း၌ နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်း (Low Pressure Area)တစ်ခုဖြစ်ပေါ်နိုင်ပြီး အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ကာ အိန္ဒိယနိုင်ငံ တမီးလ်နာဒူးကမ်းခြေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

(မိုး/ဇလ)

## ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

နေပြည်တော် ဒီဇင်ဘာ ၁၅

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များအနည်းငယ်လျော့နည်းနိုင်သည်။ (မိုး/ဇလ)

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းသုံးယောက်တွဲပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၅**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ သတ်မှတ်ထားသော အားကစားကွင်း/ရုံများ၌ ဆက်လက် ယှဉ်ပြိုင်ကစားကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပရာ အမျိုးသား/အမျိုးသမီး ကြိုးတပ်သံလုံးပစ် ပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး တန်းမြင့်ခုန် ပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ ၄၀၀x၄ လက်ဆင့်ကမ်း အပြေးပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ ၂၀၀ အပြေးပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့ကြသူ များကို တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း ဘော်လီဘောပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ် များကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်းဘော်လီ ဘောရုံ၌ ကျင်းပရာ **အမျိုးသားဘော်လီ ဘောပြိုင်ပွဲတွင်** နယ်စပ်ရေးရာဝန်ကြီးဌာန အသင်းက သမဝါယမနှင့် ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို ၃ ပွဲပြတ်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းက ကျန်းမာရေးဝန်ကြီးဌာန အသင်းကို ၃ပွဲပြတ်၊ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန အသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနအသင်းကို ၃ ပွဲပြတ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ရေးဝန်ကြီးဌာနအသင်းက မြန်မာနိုင်ငံတော် ဗဟိုဘဏ် အသင်းကို ၃ ပွဲပြတ်၊ သာသနာ ရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းက ပြည်ထောင်စုရာထူးဝန်အသင်းကို ၃ ပွဲပြတ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်း က ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းကို ၃ ပွဲ ၂ ပွဲ၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့ အင်အားဝန်ကြီးဌာနအသင်းက လျှပ်စစ် စွမ်းအားဝန်ကြီးဌာနအသင်းကို ၃ ပွဲပြတ်၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ကာကွယ် ရေးဝန်ကြီးဌာနအသင်းကို ၃ ပွဲ ၁ ပွဲ ပြတ် ဖြင့် အနိုင်ရရှိခဲ့ကြသည်။

**အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင်** စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအသင်းက တိုင်းရင်းသားလူမျိုး များရေးရာဝန်ကြီးဌာနအသင်းကို ၃ပွဲပြတ်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီး ဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ် ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီး ဌာနအသင်းကို ၃ ပွဲပြတ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနအသင်းကို ၃ ပွဲပြတ်ဖြင့် အနိုင် ရရှိခဲ့ကြသည်။



ပြည်နယ်နှင့်တိုင်းဒေသကြီး ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များယှဉ်ပြိုင်စဉ်။

**ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဖုဆယ် ပြိုင်ပွဲ ပထမအဆင့် ရှုံးထွက်ပွဲစဉ်များကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖုဆယ်ရုံ၌ ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာန အသင်းက စွမ်းအင်ဝန်ကြီး ဌာနအသင်းကို ၁၁ ဂိုး ဂိုးမရှိ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို ၅ ဂိုး ၃ ဂိုး ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အသင်းကို ၁၂ ဂိုး ၁ ဂိုး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အသင်းက ပြည်ထောင်စုတရားလွှတ်တော်အသင်း ကို ၂၅ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ပိုက်ကျော်ခြင်း သုံးယောက်တွဲပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို** ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(A) ရုံ၌ ကျင်းပရာ စိုက်ပျိုး ရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်း ကို ၂ ပွဲ ၁ပွဲ၊ ကာကွယ်ရေးဝန်ကြီးဌာန အသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အသင်းကို ၂ ပွဲပြတ်၊ စက်မှုဝန်ကြီးဌာန အသင်းက သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနအသင်းကို ၂ ပွဲ ၁ပွဲ၊ အားကစား နှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက ပြန်ကြားရေး ဝန်ကြီးဌာနအသင်းကို ၂ ပွဲပြတ်၊ စွမ်းအင်ဝန်ကြီးဌာနအသင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီး ဌာနအသင်းကို ၂ ပွဲ ၁ ပွဲ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနအသင်းက တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန အသင်းကို ၂ပွဲပြတ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်း က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာနအသင်းကို ၂ ပွဲပြတ်၊ လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနအသင်းက သိပ္ပံ နှင့် **စာမျက်နှာ ၇ သို့** ❍



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီးမီတာ ၄၀၀x ၄ လက်ဆင့်ကမ်းအပြေးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များယှဉ်ပြိုင်စဉ်။



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီးတန်းမြင့်ခုန်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦးယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားအလေးမပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦးယှဉ်ပြိုင်စဉ်။

○ စာမျက်နှာ ၆ မှအဆက်

နည်းပညာဝန်ကြီးဌာနအသင်းကို ၂ ပွဲပြတ်၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအသင်းက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းကို ၂ ပွဲပြတ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက ပြည်ထောင်စုရာထူးဝန်အသင်းကို ၂ ပွဲပြတ်၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို ၂ ပွဲပြတ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို ၂ ပွဲပြတ်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက စက်မှုဝန်ကြီးဌာနအသင်းကို ၂ ပွဲပြတ်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို ၂ ပွဲပြတ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက စွမ်းအင်ဝန်ကြီးဌာနအသင်းကို ၂ပွဲ ၁ပွဲ၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းက သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အသင်းကို ၂ ပွဲပြတ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကို ၂ ပွဲပြတ်၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို ၂ ပွဲပြတ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက အလုပ်သမားဝန်ကြီးဌာနအသင်းကို ၂ ပွဲပြတ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းက ပြည်ထောင်စုရာထူးဝန်အသင်းကို ၂ ပွဲပြတ်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို ၂ ပွဲပြတ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း၊ စက်မှုဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို ၂ ပွဲပြတ်၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို ၂ ပွဲပြတ်၊ တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာနအသင်းက စွမ်းအင်ဝန်ကြီးဌာနအသင်းကို ၂ ပွဲပြတ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို ၂ ပွဲ ၁ ပွဲ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အသင်းကို ၂ ပွဲ ၁ ပွဲ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းကို ၂ ပွဲပြတ်၊ နယ်စပ်ရေးရာ ဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို ၂ ပွဲပြတ်၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအသင်းက အလုပ်သမားဝန်ကြီးဌာနအသင်းကို ၂ ပွဲပြတ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းက စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း (C) ရုံ၌ ကျင်းပရာ **အမျိုးသား/သမီး ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ပထမအကျော့** ပွဲစဉ်များကို ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်အားကစားသမားများက ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး ဘိလိယက်/စနူကာပြိုင်ပွဲ** ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဘိလိယက်ရုံ၌ကျင်းပရာ **စနူကာ 6 Red တစ်ဦးချင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်တွင်** ရောဝတီတိုင်းဒေသကြီးမှ ရဲထွဋ်နိုင်က ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ချမ်းမင်းကျော်ကို ၃ ပွဲ ၁ ပွဲ၊ ရှမ်းပြည်နယ်မှဖိုးအိက ရောဝတီတိုင်းဒေသကြီးမှ ခင်ဇော်ကို ၃ ပွဲ ၁ ပွဲ ဖြင့် အနိုင်ရရှိခဲ့ကြသည်။

**စနူကာ 15 Red တစ်ဦးချင်းပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်တွင်** ကချင်ပြည်နယ်မှ သက်ပိုင်ထက်က ပဲခူးတိုင်းဒေသကြီးမှ ငြိမ်းပြည့်ဖြိုးကို ၃ ပွဲ ၁ ပွဲ၊ မကွေးတိုင်းဒေသကြီးမှ ကျော်ဝေယံစိုးက ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ သော်တာမင်းကို ၃ ပွဲပြတ်၊ ကရင်ပြည်နယ်မှ မျိုးသူရအောင်က မွန်ပြည်နယ်မှ မင်းသန့်ကို ၃ ပွဲပြတ်၊ ရောဝတီတိုင်းဒေသကြီးမှ စိုးမိုးက ရန်ကုန်တိုင်းဒေသကြီးမှ အောင်ညီညီမောင်ကို ၃ ပွဲပြတ်၊ ရောဝတီတိုင်းဒေသကြီးမှ ရဲထွဋ်ဦးက မန္တလေးတိုင်းဒေသကြီးမှ ကျော်ဝင်းလှိုင်ကို ၃ ပွဲပြတ်၊ ကရင်ပြည်နယ်မှ သက်မျိုးကြည်လှိုင်က ကယားပြည်နယ်မှ အောင်မျိုးထွန်းကို ၃ ပွဲပြတ်၊ မကွေးတိုင်းဒေသကြီးမှ ကောင်းစျန်ထက်က ရှမ်းပြည်နယ်မှ ရဲလင်းကို ၃ ပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးမှ ကိုကိုအောင်က ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ မင်းသျှင်ထွန်းကို ၃ ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။ **ဘိလိယက်တစ်ဦးချင်းပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်တွင်** ရောဝတီတိုင်းဒေသကြီးမှ ကျော်စွာဝင်းက မန္တလေးတိုင်းဒေသကြီးမှ အေးမင်းကို ၃ ပွဲ ၂ ပွဲ၊ ရန်ကုန်တိုင်းဒေသကြီးမှ အောင်နိုင်စိုးက စစ်ကိုင်းတိုင်းဒေသကြီးမှ ကျော်ဝင်းကို ၃ ပွဲ ၁ ပွဲ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ကျော်ဌေးက ရန်ကုန်တိုင်းဒေသကြီးမှ ဇော်လင်းနိုကို ၃ ပွဲ ၂ ပွဲ၊ မကွေးတိုင်းဒေသကြီးမှ လင်းအောင်က စစ်ကိုင်းတိုင်းဒေသကြီးမှ သီဟံစိုးကို ၃ ပွဲ ၂ ပွဲဖြင့် အနိုင်ရရှိခဲ့ကြသည်။

**9 Ball Pool တစ်ဦးချင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်တွင်** မန္တလေးတိုင်းဒေသကြီးမှ ကျော်ဇင်သန့်က ရှမ်းပြည်နယ်မှ ကမ္ဘာလင်းကို ၇ ပွဲ ၆ ပွဲ၊ ရောဝတီတိုင်းဒေသကြီးမှ ရာဇာဟန်က ကချင်ပြည်နယ်မှအောင်ကျော်မိုးကို ၇ ပွဲ ၅ ပွဲဖြင့်လည်းကောင်း၊ **စနူကာ 6 Red နှစ်ယောက်တွဲပြိုင်ပွဲ ဆီမီးဖိုင်နယ်** ပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို ၃ ပွဲ ၁ ပွဲ၊ ကရင်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို ၃ ပွဲ ၂ ပွဲ ဖြင့်လည်းကောင်း၊ **9 Ball Pool နှစ်ယောက်တွဲပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်တွင်** ရှမ်းပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို ၇ ပွဲ ၁ ပွဲ၊ ရခိုင်ပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို ၇ ပွဲ ၆ ပွဲဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲကို** မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ကျင်းပရာ အမျိုးသား ၇၀ ကီလိုအထိ ကာယဗလပြိုင်ပွဲ၊ အမျိုးသား ၇၅ ကီလိုအထိ ကာယဗလပြိုင်ပွဲ၊ အမျိုးသား ၇၅ ကီလိုအထက် ကာယဗလပြိုင်ပွဲ၊ အမျိုးသား ၁၇၀ စင်တီမီတာအထိ Sport Physique ပြိုင်ပွဲ၊ အမျိုးသား ၁၇၀ စင်တီမီတာအထက် Sport Physique ပြိုင်ပွဲ၊ အမျိုးသမီး ၁၆၀ စင်တီမီတာအထိ Model Physique ပြိုင်ပွဲ၊ အမျိုးသမီး ၁၆၀ စင်တီမီတာအထက် Model Physique ပြိုင်ပွဲ၊ အမျိုးသမီး Fitness Physique ပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့ကြသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်များပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး စားပွဲတင်တင်းနစ်ပြိုင်ပွဲ** အုပ်စုပတ်လည်ပွဲစဉ်များကို တင်းနစ်ကွင်း(ဗဟို) ၌ကျင်းပရာ **အမျိုးသားစားပွဲတင်တင်းနစ်ပြိုင်ပွဲတွင်** မကွေးတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ၃ ပွဲပြတ်၊ ပဲခူးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို ၃ ပွဲ ၁ ပွဲ၊ ကချင်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို ၃ ပွဲ ၁ ပွဲ၊ မန္တလေးတိုင်းဒေသကြီးအသင်းက ရောဝတီတိုင်းဒေသကြီးအသင်းကို ၃ ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ၃ ပွဲ ၁ ပွဲ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ၃ ပွဲ ၁ ပွဲ၊ ကရင်ပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို ၃ ပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို ၃ ပွဲ ၂ ပွဲ၊ မကွေးတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ၃ ပွဲ ၁ ပွဲ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို ၃ ပွဲပြတ်၊ ရှမ်းပြည်နယ်အသင်းက ရောဝတီတိုင်းဒေသကြီးအသင်းကို ၃ ပွဲပြတ်၊ ကရင်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို ၃ ပွဲ ၂ ပွဲဖြင့် အနိုင်ရရှိခဲ့ကြသည်။

**အမျိုးသမီး စားပွဲတင်တင်းနစ်ပြိုင်ပွဲတွင်** ရှမ်းပြည်နယ်အသင်းက ရောဝတီတိုင်းဒေသကြီးအသင်းကို ၃ ပွဲ ၁ ပွဲ၊ မကွေးတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို ၃ ပွဲ ၁ ပွဲ ၊ မွန်ပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ၃ ပွဲ ၁ ပွဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို ၃ ပွဲ ၂ ပွဲ၊ ကချင်ပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို ၃ ပွဲ ၁ ပွဲ၊ မကွေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို ၃ ပွဲ ၁ပွဲ၊ ရောဝတီတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို ၃ ပွဲ ၁ ပွဲ၊ မွန်ပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ၃ ပွဲ ၁ ပွဲ၊ ပဲခူးတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို ၃ ပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို ၃ ပွဲပြတ်၊ ရှမ်းပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို ၃ ပွဲပြတ်၊ မကွေးတိုင်းဒေသကြီးအသင်းက ရောဝတီတိုင်းဒေသကြီးအသင်းကို ၃ ပွဲပြတ်၊ မွန်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို ၃ ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ၃ ပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို ၃ ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။



ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်းအမျိုးသားဘော်လီဘောပြိုင်ပွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းနှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းတို့ယှဉ်ပြိုင်စဉ်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို** ဘောဂဝတီအားကစားကွင်းနှင့်လယ်ဝေးမြို့နယ်အားကစားကွင်းတို့၌ယှဉ်ပြိုင်ကစားကြရာ ရှမ်းပြည်နယ်အသင်းက ရောဝတီတိုင်းဒေသကြီးအသင်းကို ၄ ဂိုး ၁ ဂိုး၊ မန္တလေးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို ၄ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို** တင်းနစ်ကွင်း(ဗဟို)၌ ကျင်းပရာ **အမျိုးသားတင်းနစ်ပြိုင်ပွဲတွင်** ကရင်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို ၃ ပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ရောဝတီတိုင်းဒေသကြီးအသင်းကို ၃ ပွဲပြတ်၊ ကချင်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို ၂ပွဲ ၁ ပွဲ၊ ပဲခူးတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ၃ ပွဲပြတ်၊ **အမျိုးသမီးတင်းနစ်ပြိုင်ပွဲတွင်** ကချင်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို ၃ ပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို ၃ ပွဲပြတ်၊ ကရင်ပြည်နယ်အသင်းက ရောဝတီတိုင်းဒေသကြီးအသင်းကို ၂ပွဲ ၁ ပွဲ၊ ပဲခူးတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို ၃ ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး အလေးမပြိုင်ပွဲကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း အလေးမပြိုင်ပွဲရုံ၌ကျင်းပရာ **အမျိုးသား ၇၃ ကီလိုတန်းပြိုင်ပွဲတွင်** ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ဝေယံဖြိုးက ပထမ၊ ရန်ကုန်တိုင်းဒေသကြီးမှ ရှိုင်းညီညီက ဒုတိယ၊ မကွေးတိုင်းဒေသကြီးမှ ထွန်းလွင်ငြိမ်းက တတိယဆုကိုလည်းကောင်း၊ **အမျိုးသား ၆၇ ကီလိုတန်းပြိုင်ပွဲတွင်** ရောဝတီတိုင်းဒေသကြီးမှ ထက်ညီညီနိုင်က ပထမ၊ ရခိုင်ပြည်နယ်မှ ဆန်းထက်အောင်က ဒုတိယ၊ မွန်ပြည်နယ်မှ ထွန်းထွန်းက တတိယဆုကိုလည်းကောင်း၊ **အမျိုးသမီး ၅၅ ကီလိုတန်းပြိုင်ပွဲတွင်** မကွေးတိုင်းဒေသကြီးမှ ခင်သီတာရွှေက ပထမ၊ ရန်ကုန်တိုင်းဒေသကြီးမှ ဆုမြတ်မွန်က ဒုတိယ၊ မကွေးတိုင်းဒေသကြီးမှ သက်မွန်မြင့်က တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

ယနေ့ကျင်းပသည့် အားကစားပြိုင်ပွဲများသို့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အားကစားနည်းအလိုက်အဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အားကစားဝါသနာရှင်ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

(သတင်းစဉ်)

## ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများယှဉ်ပြိုင်နေမှု မြင်ကွင်းပုံရိပ်များ



ပြည်နယ်နှင့်တိုင်းဒေသကြီး ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များယှဉ်ပြိုင်စဉ်။




ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်းအပြေးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များယှဉ်ပြိုင်စဉ်။



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီး မီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များယှဉ်ပြိုင်စဉ်။



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဖူဆယ်ပြိုင်ပွဲတွင် ပညာရေးဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီး စားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းနှင့်ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်စဉ်။



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီးကြိုးတပ်သံလုံးပစ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦးယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး ဘိလိယက်/စနူကာပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦးယှဉ်ပြိုင်စဉ်။





ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသမီး ဘော်လီဘော ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းများ ယှဉ်ပြိုင်နေမှုကို ပရိသတ်များက ကြည့်ရှုအားပေးစဉ်။

# အင်္ဂပူမြို့ သမိုင်းဝင်ရွှေဆံတော်စေတီတော်မြတ်ကြီး၌ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ



**အင်္ဂပူ ဒီဇင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့အတွင်းရှိ သံဃာတော်အရှင်သူမြတ်များ၊ သီလရှင်ဆရာကြီး၊ ဆရာလေးများအား ဝါပကာလတွင် ဆွမ်းဆန်များ အဆင်ပြေစေရေးအတွက် ဒီဇင်ဘာလ ၁၅ ရက် နံနက်ပိုင်းတွင် အင်္ဂပူမြို့ သမိုင်းဝင်ရွှေဆံတော်စေတီတော်မြတ်ကြီး၌ ဆွမ်းဆန်စိမ်းများ လောင်းလှူပွဲကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်သန္တာဌွေးနှင့်အလှူရှင်များက သံဃာတော်များနှင့်သီလရှင်များအား အရုဏ်ဆွမ်းများ ဆက်ကပ်လှူဒါန်းပြီး မြို့နယ်သံဃနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌဆရာတော်ဘဒ္ဒန္တမဏ္ဍလထံမှ ကိုးပါးသီလခံယူကြသည်။

ထို့နောက် ဆွမ်းဆန်တော်လောင်းလှူခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စေတနာရှင်ပြည်သူများစုပေါင်းကာ မြို့ပေါ်ရပ်ကွက်အတွင်းရှိ ဘုန်းကြီးကျောင်း ၃၀ ကျောင်းမှ သံဃာတော်အရှင်သူမြတ်များနှင့် သာမဏေများ၊ သီလရှင်ကျောင်းခြောက်ကျောင်းမှ သီလရှင်ဆရာကြီးများအား ဆွမ်းဆန်တော်များ လောင်းလှူကြသည်။

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး ဦးဆောင်မှုဖြင့် သမိုင်းဝင်ရွှေဆံတော်စေတီတော်မြတ်ကြီးဂေါပကအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် စေတနာရှင်ပြည်သူများစုပေါင်းကာ ဝါပကာလ၌ လစဉ် လပြည့်နေ့တိုင်းတွင် ဆွမ်းဆန်တော်များလောင်းလှူသွားမည်ဖြစ်ကြောင်း သိရသည် ။

မန်းကျော်(ပြန်/ဆက်)

# မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုစစ်ဆေး

**မလှိုင် ဒီဇင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ချစေရန်ရည်ရွယ်၍ ခြောက်ခွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဒီဇင်ဘာလ ၁၅ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။



ထိုသို့စစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဒေါ်စုစုနှင့်အဖွဲ့ဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၄ ဒသမ ၅ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့်အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ခြောက်ခွဲကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၄ ဦးအား ချေးငွေကျပ် ၇ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၀ ဦးအား ချေးငွေကျပ် ၂၂ ဒသမ ၅သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးအား ချေးငွေကျပ် ၄ ဒသမ ၂ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

# တနင်္သာရီတိုင်းဒေသကြီး၌ ကော်ဖီ ၁၈၇၄ ဧက တိုးချဲ့စိုက်ပျိုးနိုင်

**မြိတ် ဒီဇင်ဘာ ၁၅**

တနင်္သာရီတိုင်းဒေသကြီးအတွင်း၌ ယခုနှစ်တွင် နိုင်ငံခြားဈေးကွက်ဝင်သီးနှံတစ်မျိုးဖြစ်သည့် ကော်ဖီကို ၁၈၇၄ ဧက စီးပွားဖြစ်တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ကြောင်း တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

တနင်္သာရီတိုင်းဒေသကြီး၌ ကော်ဖီကို ၂၀၂၃ - ၂၀၂၄ ခုနှစ်က ကော်ဖီစိုက်ဧက ၁၁၄၈ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး ယခု ၂၀၂၄ - ၂၀၂၅ ခုနှစ်တွင် ၃၀၂၂ ဧက စိုက်ပျိုးနိုင်သည်။

ခရိုင်အလိုက်ကော်ဖီစိုက်ပျိုးမှုမှာ ထားဝယ်ခရိုင်၌ ကော်ဖီဧက ၄၇၀၊ မြိတ်ခရိုင်၌ ဧက ၁၂၀၀၊ ဘုတ်ပြင်းခရိုင်၌ ၈၄၅ ဧကနှင့် ကော့သောင်းခရိုင်၌ ၅၀၇ ဧက စိုက်ပျိုးထားသည်။

တနင်္သာရီတိုင်းဒေသကြီး၌ ကော်ဖီအသီးခူးဧကနှင့်ထွက်ရှိမှုမှာ အသီးခူးဧကအနေဖြင့် ယခင်နှစ် ၂၀၂၃ - ၂၀၂၄ ခုနှစ် မတ်လကုန်အထိ ဧက ၂၉၀ ရှိပြီး တစ်ဧကလျှင် ကော်ဖီထွက်ရှိမှုမှာ ၁၄၉ ဒသမ ၆၁ ပိဿာထွက်ရှိသည်။ ယခုနှစ် နိုဝင်ဘာလကုန်အထိ အသီးခူး ၅၃ ဧကရှိပြီး ကော်ဖီထွက်ရှိမှုအနေဖြင့် တစ်ဧကလျှင် ၁၂၇ ပိဿာထွက်ရှိသည်။

"ကော်ဖီပင်များကို မိုးဦးကာလဖြစ်တဲ့ ဇွန်လမှာ စတင်စိုက်ပျိုးရပါတယ်။ စိုက်ပျိုးပြီး လေးနှစ်ငါးနှစ်သားအရွယ်မှာ စတင်အသီးသီးပါတယ်။ ကော်ဖီသီးများကို ဒီဇင်ဘာလနဲ့ ဇန်နဝါရီလတွေမှာ အသီးခူးရပါတယ်။ ပြည်တွင်းကထွက်ရှိလာတဲ့ ကော်ဖီတွေကို ပြည်ပတင်ပို့တာရှိပါတယ်" ဟု တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

နိုင်ငံခြားဈေးကွက်ဝင်သီးနှံဖြစ်သော ကော်ဖီပင်များကို တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြိတ်ခရိုင်၌ တနင်္သာရီမြို့နယ် မောတောင်မြို့နှင့် ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ်တို့၌ ကော်ဖီပျိုးပင်များကို ဧကရာချီ၍ စိုက်ပျိုးထားရှိကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

(၇၇)နှစ်မြောက် တပ်မတော်(လေ) နှစ်ပတ်လည်နေ့ဂုဏ်ပြုကဗျာ

## တပ်တော်ဝင်ဖော်ညွှန်း ပန်းမော်ကွန်းသစ်ခဲ့ပြီ

* တပ်တော်ဝင် ပန်းရထားနဲ့
ခမ်းနားတဲ့ . . . ပွဲသဘင်။
ပြည့်တင်းစေ...စစ်အားမောင်း
ထပ်ဆောင်းဂုဏ်တင်။
လေယာဉ်နဲ့ ရဟတ်ယာဉ်
သစ်သစ်လွင် ဆင့်တန်း။
ခေတ်အညီ ထွန်းကားစေသတဲ့. . .
အသစ်တည် စွမ်းပကားတွေက
အားစံနှုန်းဆန်း။

* တပ်မတော်(လေ). . . စွမ်းရည်ထက်
စစ်လက်နက် ခေတ်မီ။
တိုက်စွမ်းရည် အမှန်ပြည့်နက်
သံမဏိ ၄က်မည်။
ကာကွယ်ရေး လက်ရုံးတည်
ဆက်ထုံးညီမျှ. . . ရွက်ချီထမ်း။
(ကွယ်)သက်ဆုံးတည်ပ့ါ မဖျက်ရည်မှန်း။
မျက်နှာစာ. . . ကမ္ဘာအမြင်အသိနဲ့
ထက်အာကာ. . . သမ္ဘာယှဉ်ကြည့်. . .
ဆက်ဖြည့်ကြိုးပမ်း။

* တပ်မတော် ရည်ရွယ်ချက်...
မီတွယ်ဖက်...မြော်မြင်။
လေကြောင်းဆို ပညာအတတ်
ဆင့်ထပ်လိုအင်။
အသစ်အသစ်...စက်လေယာဉ်
ထက်ဝေဟင်...နှောင်ချည်ဝင်း
(ကွယ်)တက်နေ အသွင် ရောင်နီလင်း
တပ်တော်ဝင်...တစ်ခေတ်လမ်းမှာ
အသစ်ပန်း ရွှေမော်ကွန်း
ဖော်ညွှန်း ခင်းကျင်း။ ။

**မောင်လတ်(ကမ်းရိုးတန်း)**

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁၆-၁၂-၂၀၂၄(တနင်္လာနေ့)

| | | | |
|---|---|---|---|
| ၁။ ၀၉:၀၀ | Sport News | ၄။ ၁၆:၄၀ | I Music |
| ၂။ ၁၁:၅၀ | ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင် | ၅။ ၁၈:၂၀ | ဂုဏ်ယူအလွမ်း |
| ၃။ ၁၅:၀၀ | Jumping For You | ၆။ ၂၂:၂၀ | Goodnight Listeners |

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၏ အကြိမ်(၃၀)မြောက် သာသနတက္ကသီလမဟာဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

မန္တလေး ဒီဇင်ဘာ ၁၅

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်/မန္တလေး)တို့၏အကြိမ်(၃၀)မြောက် သာသနတက္ကသီလမဟာဘွဲ့နှင်းသဘင် အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးမြို့ရှိနိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ် မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ၏ အဓိပတိ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသအမှူးပြုသော နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ တက္ကသိုလ်များမှ အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဆရာတော်များ၊ ထေရဝါဒဗုဒ္ဓသာသနာပြု ဩဝါဒါစရိယဆရာတော်များ၊ အပြည်ပြည် ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော်၊ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဆရာတော်များ၊ ပြင်ပ ကျမ်းစစ်ဆရာတော်များ၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်/မန္တလေး)တို့မှ သင်ကြား/စီမံဆရာတော် များ၊ ဘွဲ့ခံသံဃာတော်များ၊ ပြင်ပ ပညာရှင် များ ကြွရောက်ချီးမြှင့်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ တိုင်း ဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာန ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြ သည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး အမှူးပြုသော ဧည့်ပရိသတ်များက ဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ ထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်က ဆုတောင်းပတ္ထနာပြုကာ သာရဏီယဩဝါဒကထာကိုလည်းကောင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် များအုပ်ချုပ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံတော် သံဃမဟာနာယက နာယကအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒနသာရက သမ္မောဒနီယဩဝါဒကထာကိုလည်းကောင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)မော်ကွန်းထိန်း ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမုဒက အကြိမ်(၃၀) မြောက် သာသနတက္ကသီလ မဟာဘွဲ့နှင်း သဘင် အခမ်းအနားကျင်းပခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း မြွက်ကြားကြ သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထား ရာတွင် ဝန်ကြီးဌာနအနေဖြင့် သာသနာ တော်ဆိုင်ရာ ထောက်ပံ့လှူဒါန်းမှုများကို တတ်စွမ်းသရွေ့ ဆောင်ရွက်သွားမည်ဖြစ် ပါကြောင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်များမှ ဘွဲ့ခံသံဃာတော်များ နှစ်စဉ်ပေါ်ထွန်းရေး၊ နယ်စပ်တောင်တန်း ဒေသများတွင် သာသနာထွန်းကားပြန့်ပွား နိုင်ရေးတို့ကို ပူးပေါင်းဆောင်ရွက်မည် ဖြစ်ပါကြောင်း ဆန္ဒပြုလျှောက်ထား သည်။

ယင်းနောက် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒနသာရထံတွင် ဘွဲ့ခံစာရင်းကို အတည်ပြုလက်မှတ်ရေးထိုးပြီး ပါမောက္ခချုပ် ဆရာတော်များထံ အသီးသီးဘွဲ့ခံယူ ကြကာ ဘွဲ့ခံရဟန်းတော်များသည် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် များ၏ အဓိပတိဆရာတော်ကြီးရှေ့မှောက် တွင် သာသနာပြုကတိသစ္စာခံယူကြ သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနားတက်ရောက်လာကြသူများ သည် ဆရာတော်ဘဒ္ဒန္တစန္ဒနသာရထံမှ အနုမောဒနာတရားနာကြားပြီး ရေစက် သွန်းလောင်းအမျှပေးဝေကြကာ ဆရာ တော်ကြီးများအမှူးပြုသော သံဃာတော် များအား ဆွမ်းဆန်တော်လောင်းလှူပူဇော် ကြသည်။

ယနေ့ သာသနတက္ကသီလမဟာဘွဲ့နှင်း သဘင်တွင် သာသနတက္ကသီလ မဟာဓမ္မာ စရိယ M.A (Buddhism) ဘွဲ့ရ ၁၄ ပါး၊ သာသနတက္ကသီလ နတက္ကသီလ ဓမ္မာ စရိယ B.A (Buddhism) ဘွဲ့ရ ၁၁၄ ပါး စုစုပေါင်းဘွဲ့ရ အရှင်သူမြတ် ၁၂၈ ပါး ဘွဲ့ခံယူခဲ့ကြပြီး နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များမှ အကြိမ်(၃၀) မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားထိ ဘွဲ့ခံယူခဲ့ကြသည့်ရဟန်းတော် စုစုပေါင်း ၃၃၁၆ ပါး ပေါ်ထွန်းခဲ့ကြောင်း သိရ သည်။

**(သတင်းစဉ်)**

# ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းသိကြားပုန်းဘုရားအနေကဇာတင်ခြင်း မင်္ဂလာအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် တက်ရောက်



ညောင်ဦး ဒီဇင်ဘာ ၁၅

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းဘုရားအမှတ်-၂၃၅ (သိကြား ပုန်းဘုရား) ဗုဒ္ဓါဘိသေကအနေကဇာ တင်လှူပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်ကျင်းပရာ နိုင်ငံတော် ဩဝါဒါစရိယ မြစ်ကြည့်တိုက် ရုပ်စုံ ကျောင်းတိုက်ပဓာနနာယက ဆရာတော် ဘဒ္ဒန္တက္ကန္ဒဝံသ အရှင်သူမြတ်အမှူးပြု၍ ပင့်သံဃာဆရာတော်ကြီး ၉ ပါး ကြွရောက် တော်မူကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ဩဝါဒါစရိယ မြစ်ကြည့် တိုက်ရုပ်စုံကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံမှ ကိုးပါးသီလခံယူဆောက် တည်ကာ ဆရာတော်ကြီးများချီးမြှင့်သော မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး ပြည်ထောင်စုဝန်ကြီး နှင့် တာဝန်ရှိသူများက လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရှေးဟောင်းဘုရားကို ခေတ်အဆက်ဆက်ပြုပြင်လှူဒါန်းခဲ့သည့် အလှူရှင်များနှင့် လှူဒါန်းမှုအစုစုတို့အတွက် မြစ်ကြည့်တိုက် ရုပ်စုံကျောင်းတိုက် အရှင် သူမြတ်ထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းလောင်း အမျှပေးဝေကြ သည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာလအတွင်း လေပြင်းတိုက်ခတ် ခြင်းနှင့် မိုးသည်းထန်စွာ ရွာသွန်းခြင်း တို့ကြောင့် တောင်ဘီကျေးရွာအနောက် ဘက် နတ်ထောင့်ကျောင်းတိုက်အနီးရှိ ရှေးဟောင်းဘုရား အမှတ် - ၁၉၈၃ (ဆုတောင်းပြည့်ဘုရား)၏ တိုက်မမြောက် ဘက်နံရံနှင့်တိုက်မအထက်ရှိ ကွမ်းတောင် နှင့် အထွတ်စေတီတို့ထိခိုက်ပျက်စီးခဲ့ရာ ကနဦးပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းအနေ ဖြင့် သဲခဲများရှင်းလင်းခြင်းဆောင်ရွက် လျက်ရှိသည့်လုပ်ငန်းခွင်ကိုလည်းကောင်း၊ ရွှာဟောင်းကြီးဘုရားအနီးရှိ ရွာဟောင်း ကြီးရေကန်ကိုလည်းကောင်း ကြည့်ရှု စစ်ဆေးပြီး ရှေးမူမပျက်စနစ်တကျ ထိန်းသိမ်းဆောင်ရွက်သွားရန် မှာကြား ခဲ့ကြောင်းသိရသည်။

**(သတင်းစဉ်)**

# လှိုင်ကော်မြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု မော်တော်ဆိုင်ကယ် ပြုပြင်နည်းသင်တန်းဖွင့်လှစ်

လှိုင်ကော် ဒီဇင်ဘာ ၁၅

ကယားပြည်နယ် လှိုင်ကော်မြို့နယ် ဒေါတမရပ်ကွက်ရှိ အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာန လေ့ကျင့် ပျိုးထောင်ရေးစင်တာ သင်တန်းခန်းမ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူ ပြု မော်တော်ဆိုင်ကယ်ပြုပြင်နည်း သင်တန်းကို ဒီဇင်ဘာလ ၁၄ ရက်က ကျင်းပသည်။

ရှေးဦးစွာ ကယားပြည်နယ်အစိုးရ အဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးတင်လှက အဖွင့်အမှာစကားပြော ကြားပြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးတင်လှနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးအောင်မျိုးသန်းတို့က သင်တန်း သားများအား ပြည်နယ်အစိုးရအဖွဲ့မှ ဆိုင်ကယ်ပြုပြင်ရာတွင် အသုံးပြုသည့် လက်သုံးကိရိယာ (Tools Box) သင် ထောက်ကူပစ္စည်းများ ပေးအပ်သည်။

ထို့နောက် သင်တန်းနည်းပြနှင့် သင်တန်းသားများက တစ်ဦးချင်းစီ မိတ်ဆက်ခဲ့ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့သည်။ ယင်းနောက် သင်တန်းသားများ စာတွေ့လက်တွေ့ သင်ကြားနေမှုကို ကြည့်ရှုအားပေးခဲ့ သည်။



အဆိုပါသင်တန်းသို့ ကယားပြည်နယ် အစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးတင်လှ၊ လမ်းပန်းဆက်သွယ် ရေးဝန်ကြီး ဦးအောင်မျိုးသန်းနှင့် ပြည် နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေး မှူးများ၊ သင်တန်းနည်းပြနှင့် သင်တန်း သားများတက်ရောက်ခဲ့ကြောင်း၊ ယင်း သင်တန်းအားသင်တန်းနည်းပြနှစ်ဦးက စာတွေ့လက်တွေ့သင်ကြားပို့ချလျက်ရှိပြီး သင်တန်းသား ၁၅ ဦးကတက်ရောက်ကာ သင်တန်းကာလမှာ တစ်လကြာမည်ဖြစ် ကြောင်း သိရသည်။ (၄၀၅)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်တော်ဝင်လေယာဉ်၊ ရဟတ်ယာဉ်များအား အမွှေးနံ့သာရည်များပက်ဖျန်းပေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်တော်ဝင်လေယာဉ်အား ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်တော်ဝင်လေယာဉ်၊ ရဟတ်ယာဉ်များအား လှည့်လည်ကြည့်ရှုစဉ်။



တပ်တော်ဝင်အခမ်းအနားတွင် ပါဝင်ပျံသန်းခဲ့သည့် တပ်မတော်(လေ)မှ အရာရှိ၊ စစ်သည်များကိုယ်တိုင် စမ်းသပ်တီထွင်ထုတ်လုပ်ထားသော MTX–1B လေယာဉ်ကို တွေ့ရစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သရုပ်ပြအုပ်ဖွဲ့ ပျံသန်းမှုတွင်ပါဝင်သော လေသူရဲများအား ဂုဏ်ပြုနှုတ်ဆက်စကားပြောကြားစဉ်။

**❖ MTX-1A လေယာဉ်ထုတ်လုပ်မှုအတွေ့အကြုံများကို အခြေခံ၍ ပိုမိုခေတ်မီ အဆင့်မြင့်သည့် MTX-1B လေယာဉ်အား တပ်မတော်(လေ)မှ အရာရှိ၊ စစ်သည်များက အဆင့်မြင့် Cockpit Display များ၊ ဆက်သွယ်ရေးစနစ်များနှင့် ကိုယ်ထည်ပိုင်းဆိုင်ရာ အဆင့်မြှင့်တင်မှုများ ပြုလုပ်ကာ ထပ်မံဆန်းသစ်တီထွင်ထုတ်လုပ်ခဲ့ခြင်းဖြစ် . . .**

**❖ လေယာဉ်ထုတ်လုပ်မှု ရည်ရွယ်ချက်များအတိုင်း လေယာဉ်ကိုယ်ထည်ပိုင်း၊ လျှပ်စစ်နှင့် အင်ဂျင်အပိုင်း၊ လေကြောင်းလမ်းပြစနစ်၊ ဆက်သွယ်မှုစနစ်များနှင့် မောင်းနှင်ထိန်းသိမ်းမှုပြသသည့်စနစ်များအား ဒီဇိုင်းရေးဆွဲ ထုတ်လုပ်တည်ဆောက်ခဲ့ခြင်းဖြစ်၊ လေယာဉ်ထုတ်လုပ်မှု အဆင့်တိုင်းတွင် အရည်အသွေးစစ်ဆေးခြင်းနှင့် Functional and Operational Test လုပ်ငန်းများဆောင်ရွက်ခဲ့ပြီးTurboprop အင်ဂျင်နှင့် Glass Cockpit System တို့ တပ်ဆင်ထားသည့် MTX-1B လေယာဉ်အား ထုတ်လုပ်နိုင်ခဲ့ခြင်းဖြစ်၊ MTX-1B လေယာဉ်အား ၂၀၂၄ ခုနှစ် မတ်လတွင် စမ်းသပ်ပျံသန်းခြင်းများကို အောင်မြင်စွာပြီးစီးခဲ့ . . .**

☆ **စာမျက်နှာ ၁၇ မှအဆက်**

မောင်းနှင်ထိန်းသိမ်းမှုပြသသည့်စနစ်များအား ဒီဇိုင်းရေးဆွဲထုတ်လုပ်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ လေယာဉ်ထုတ်လုပ်မှု အဆင့်တိုင်းတွင် အရည်အသွေးစစ်ဆေးခြင်းနှင့် Functional and Operational Test လုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီးTurboprop အင်ဂျင်နှင့် Glass Cockpit System တို့ တပ်ဆင်ထားသည့် MTX–1B လေယာဉ်အား ထုတ်လုပ်နိုင်ခဲ့ခြင်းဖြစ်သည်။ MTX–1B လေယာဉ်အား ၂၀၂၄ ခုနှစ် မတ်လတွင် စမ်းသပ်ပျံသန်းခြင်းများကို အောင်မြင်စွာ ပြီးစီးခဲ့ကြောင်းသိရှိရသည်။

ထို့အပြင် ဒီဇင်ဘာလ ၁၄ ရက် ညနေပိုင်းကလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် တပ်မတော်(လေ)၏ (၇၇)နှစ်မြောက်နှစ်ပတ်လည်နေ့နှင့် လေယာဉ်/ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနား အထိမ်းအမှတ်အဖြစ် ပြခန်းများအတွင်း ပြသထားသည့် လေကြောင်းသမိုင်းမှတ်တမ်းများ၊ ခေတ်အဆက်ဆက်အသုံးပြုခဲ့သည့် **စာမျက်နှာ ၁၂ သို့** ☆





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်တော်ဝင်အခမ်းအနားအထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်(လေ)၏ (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် မှတ်တမ်းတင်လက်မှတ်ရေးထိုးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်တော်ဝင်အခမ်းအနားအထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ အရောင်းဆိုင်ခန်းများအား လှည့်လည်ကြည့်ရှုအားပေးစဉ်။

★ **စာမျက်နှာ ၁၁ မှအဆက်**

တပ်မတော်(လေ)ဝတ်စုံများ၊ တပ်မတော်(လေ) သမိုင်းမှတ်တမ်းဓာတ်ပုံများ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) တာဝန်ထမ်းဆောင်ခဲ့သူများ၏ မှတ်တမ်းဓာတ်ပုံများ၊ သမိုင်းဝင် လေယာဉ်၊ ရဟတ်ယာဉ်များနှင့် ၎င်းတို့ဆင်နွှဲခဲ့သည့် တိုက်ပွဲမှတ်တမ်းများ၊ လေယာဉ်၊ ရဟတ်ယာဉ်များတွင် အသုံးပြုလျက်ရှိသည့် Avionics ပစ္စည်းများ၊ ခေတ်မီမျိုးဆက်သစ်တိုက်ခိုက်ရေး လေယာဉ်ပုံစံငယ်များနှင့် လေသူရဲအသုံးအဆောင်ပစ္စည်းများ၊ တပ်မတော်(လေ)တွင် အသုံးပြုလျက်ရှိသည့် လက်နက်၊ ခဲယမ်းများ၊ တပ်မတော်(လေ)မှ စွမ်းရည်ဘွဲ့တံဆိပ်ရရှိခဲ့သူများ၏ မှတ်တမ်းဓာတ်ပုံများ၊ လေယာဉ်၊ ရဟတ်ယာဉ်များ၊ တပ်တော်ဝင်အခမ်းအနားမှတ်တမ်းဓာတ်ပုံများ၊ တပ်မတော်(လေ) အရာရှိ၊ စစ်သည်၊ အစားခန့်များအား လေ့ကျင့်ပျိုးထောင်မှုမှတ်တမ်းဓာတ်ပုံများ၊ တပ်မတော် (လေ)၏ နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ မှတ်တမ်းဓာတ်ပုံများ၊ တပ်မတော်(လေ)၏တိုးတက်ပြောင်းလဲလာမှု မှတ်တမ်းဓာတ်ပုံများ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) အဆက်ဆက်က ဆုရလေသူရဲများအား ဆုချီးမြှင့်ပေးအပ်သည့် မှတ်တမ်းဓာတ်ပုံများ၊ တပ်မတော်(လေ)မှ ထုတ်လုပ်ထားသည့် လေကြောင်းအီလက်ထရောနစ်ဆိုင်ရာ စက်ပစ္စည်းများအား လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့်အဖွဲ့ဝင်များသည် တပ်မတော်(လေ)၏ (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်စာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးကြပြီးနောက် လေတပ်စခန်းဌာနချုပ်များအလိုက် အမှတ်တရပစ္စည်းအရောင်းဆိုင်နှင့် မြန်မာ့ရိုးရာစားသောက်ဖွယ်ရာ အရောင်းဆိုင်၊ စာအုပ်အရောင်းဆိုင်နှင့် တပ်မတော်မှ ထုတ်လုပ်သည့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များအား ဆက်လက်ကြည့်ရှုအားပေးပြီး အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

(၇၇)နှစ်မြောက် တပ်မတော်(လေ) နှစ်ပတ်လည်နေ့ ဂုဏ်ပြုဆောင်းပါး

# စွမ်းရည်တိုးမြှင့် အားမာန်ဝင့် လက်ဆင့်ကမ်းအမွေပေးဖြန့်ဝေ ဂုဏ်တင့်တပ်မတော်(လေ)

**ရွှေညာမြေမြတ်သင်းကြိုင်**

မြန်မာ့တပ်မတော်သည် လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာသည့် မျိုးချစ်တပ်မတော်ဖြစ်သည်။ နိုင်ငံတော်သည် ပြည်ထောင်စုတိုင်းရင်းသားညီနောင်များ စုပေါင်းနေထိုင်သည့်နိုင်ငံဖြစ်သည်။ ထို့ကြောင့် တပ်မတော်သည်လည်း ပြည်ထောင်စုညီအစ်ကိုမောင်နှမများဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုတပ်မတော်ဖြစ်သည်။ တပ်မတော်သည် နိုင်ငံတော်အပေါ် ကျရောက်လာမည့် အန္တရာယ်အပေါင်းကို ကာကွယ်တားဆီးရန် အဓိကတာဝန်ရှိသည်။ ပြည်တွင်းမှာဖြစ်စေ၊ ပြည်ပမှာဖြစ်စေ နိုင်ငံတော်အားထိပါးလာမည်ဆိုပါက ကာကွယ်တားဆီးရန် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းဖြစ်သည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် အသက်ပေးဆောင်ရွက်ကြသည်များမှာ တပ်မတော်သားများပင်ဖြစ်သည်။ ခေတ်အဆက်ဆက်တွင်လည်း တိုင်းပြည်အပေါ် ကျရောက်ခဲ့သည့် အန္တရာယ်အသွယ်သွယ်အား ပြည်သူတို့နှင့်လက်တွဲပြီး အသက်သွေး၊ ချွေးပေါင်းမြောက်မြားစွာ ပေးဆပ်လျက် ဆောင်ရွက်ခဲ့ကြသူများဖြစ်သည်။ ထို့ကြောင့် တပ်မတော်အား အစဉ်အလာကြီးမားသည့် မျိုးချစ်တပ်မတော်ဟုဆိုရမည်ဖြစ်သည်။ တပ်မတော်ဆိုရာ၌လည်း တပ်မတော်(ကြည်း)၊ တပ်မတော်(ရေ)၊ တပ်မတော်(လေ) ဟူသည့် **"ဘယ်သူခွဲခွဲ တို့မကွဲ အမြဲစည်းလုံးမည်"** ဟူသည့် ညီနောင်သုံးဖော်ပင်ဖြစ်သည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအသီးသီးသည် မိမိတို့နိုင်ငံတပ်မတော်ကို အင်အားတိုးချဲ့ဖွဲ့စည်းလျက်ရှိကြသည်။ မိမိတို့၏အမျိုးသားအကျိုးစီးပွားနှင့် အချုပ်အခြာအာဏာကိုကာကွယ်နိုင်စွမ်းရှိသည့် ခေတ်မီပြီး အင်အားတောင့်တင်းသည့် တပ်မတော်အဖြစ် တည်ဆောက်လျက်ရှိကြသည်။ ကျွန်ုပ်တို့ အမိမြန်မာနိုင်ငံတော်သည်လည်း **"အင်အားတောင့်တင်းခိုင်မာသည့် ခေတ်မီတပ်မတော်"** ဖြစ်ရေး ရည်မှန်းဆောင်ရွက်လျက်ရှိပေသည်။ ခေတ်မီတပ်မတော်ဆိုရာတွင် တပ်မတော်(ကြည်း)၏ စစ်လက်နက်ပစ္စည်းများ၊ နည်းပညာများ၊ လက်နက်ခဲယမ်းများ၊ အမြောက်/သံချပ်ကာ ယန္တရားများ၊ မိုးလေဝသဆိုင်ရာ စက်ပစ္စည်းများဖြည့်ဆည်းပေးခြင်း၊ တပ်မတော်(ရေ)တွင်လည်း စစ်လက်နက်ပစ္စည်းများ ခေတ်နှင့်အညီ ဖြည့်ဆည်းပေးခြင်း၊ ရေငုပ်သင်္ဘောများ ဝယ်ယူဖြည့်ဆည်းပေးခြင်း၊ တပ်မတော်(လေ)အတွက်လည်း နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် စွမ်းအားမြင့် လေယာဉ်/ ရဟတ်ယာဉ်များ ဝယ်ယူဖြည့်ဆည်းပေးခြင်းတို့ ဆောင်ရွက်ပေးခဲ့သည်။ ကမ္ဘာ့နိုင်ငံအသီးသီးအနေဖြင့် ၎င်းနိုင်ငံတပ်မတော်အား ကာကွယ်ရေးစွမ်းအားတိုးတက်မြင့်မားရေး အစဉ်အမြဲကြိုးပမ်းလုပ်ဆောင်နေကြပေသည်။ ကျွန်ုပ်တို့နိုင်ငံအနေဖြင့်လည်း အမိနိုင်ငံတော်အား ကျူးကျော်ထိပါးမခံရစေရေးအတွက် တပ်မတော်အား နည်းပညာ



အဆင့်အတန်းမြင့်မားပြီး ခေတ်မီလက်နက်များတပ်ဆင်အသုံးပြုနိုင်ရေး ကြိုးစားကြရမည်ဖြစ်သည်။ နိုင်ငံတော်၏ကာကွယ်ရေးစွမ်းအား တိုးတက်မြင့်မားစေရေးအတွက် ကြိုးပမ်းလုပ်ဆောင်ကြရမည်ဖြစ်သည်။ **"တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်"** ဆိုသည့်အတိုင်း တပ်မတော်အင်အားရှိရန်အတွက် တပ်မတော်အကြီးအကဲများက စဉ်ဆက်မပြတ်ကြိုးပမ်းတည်ဆောက်လျက်ရှိပါသည်။ လက်ရှိစစ်ပွဲများအား လေ့လာသုံးသပ်ကြည့်ပါက နည်းပညာတိုးတက်မြင့်မားမှု၊ စစ်နည်းဗျူဟာကျွမ်းကျင်မှု၊ စစ်လက်နက်ပစ္စည်းများအသုံးပြုနိုင်မှု၊ အီလက်ထရောနစ်နည်းပညာကျွမ်းကျင်ပိုင်နိုင်မှု၊ လေကြောင်းအကဲသာမှုတို့သည် စစ်ပွဲ၏ အနိုင်အရှုံးကို အဓိကဆုံးဖြတ်ပေးနိုင်ကြောင်း မြင်တွေ့နိုင်ပေသည်။ လေကြောင်းအားသာမှု၏ အရေးပါမှုကို တပ်မတော်(လေ) စတင်ဖွဲ့စည်းစဉ်အခါကပင် ကောင်းစွာသိရှိနားလည်ခဲ့ရသည်။

တပ်မတော်(လေ)အား ၁၉၄၇ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်တွင် (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့သို့ပင် ရောက်ရှိခဲ့ပြီဖြစ်သည်။ တပ်မတော်(လေ)သည် လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာခဲ့ပြီး ယခုအခါ စွမ်းရည်ထက်မြက်သော လေတပ်တစ်ခုအဖြစ် စိန်ရတုအလွန်နှစ်များတွင် ခံ့ညားထည်ဝါစွာရောက်ရှိခဲ့ပြီဖြစ်သည်။ စတင်ဖွဲ့စည်းစအချိန်ကပင် ခက်ခဲကြမ်းတမ်းသော ခရီးလမ်းကို ဖြတ်သန်းခဲ့ရသည်။

စတင်ဖွဲ့စည်းစဉ်တွင် Tiger Moth နှင့် Gipsy Moth လေယာဉ်အနည်းငယ်တို့သာရှိခဲ့သည်။ တပ်မတော်(လေ)သက်တမ်းလသားအရွယ်မှာပင် အခက်အခဲမျိုးစုံဖြင့်ရင်ဆိုင်ခဲ့ရသည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် လွတ်လပ်ရေးရရှိသည်။ ပါတီများသဘောထားကွဲလွဲပြီး တောခိုမှုများပေါ်ပေါက်လာကာ လက်နက်ကိုင်သောင်းကျန်းမှုများ၊ ရောင်စုံသူပုန်များ နေရာအနှံ့ပေါ်ပေါက်လာခဲ့သည်။ တပ်မတော်(လေ)အနေဖြင့် လူအင်အား၊ လေယာဉ်အင်အားနှင့် စစ်လက်နက်ပစ္စည်းမပြည့်စုံသော်လည်း တပ်မတော်(ကြည်း) တပ်ရင်းများနှင့်

> ❖ တပ်မတော်(လေ)သည် လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာခဲ့ပြီး ယခုအခါ စွမ်းရည်ထက်မြက်သောလေတပ်တစ်ခုအဖြစ် စိန်ရတုအလွန်နှစ်များတွင် ခံ့ညားထည်ဝါစွာရောက်ရှိခဲ့ပြီဖြစ်၊ စတင်ဖွဲ့စည်းစအချိန်ကပင် ခက်ခဲကြမ်းတမ်းသောခရီးလမ်းကိုဖြတ်သန်းခဲ့ရ. . .

လက်တွဲပြီး တိုက်ပွဲဝင်ခဲ့သည်။ လေကြောင်းပစ်ကူပေးခဲ့သည်။ မိမိ၌ရှိသည့်လေယာဉ်ကို လေ့ကျင့်ရင်းတိုက်၊ တိုက်ရင်းလေ့ကျင့်ခဲ့ကြသည်။ ရရာလက်နက်စွဲကိုင်လျက် တိုက်ပွဲဝင်ခဲ့သည်။ လေယာဉ်တွင် တပ်ဆင်အသုံးပြုနိုင်သည့် စက်သေနတ်များ အသုံးမပြုနိုင်သေးသော်လည်း သေနတ်သမားက လေယာဉ်ပေါ်မှ စက်သေနတ်ကိုင်၍ မြေပြင်သို့ ပစ်ကူပေးနိုင်ခဲ့သည်။ မိမိတို့တွင်ရှိသည့်ဗုံးဖြင့် လေယာဉ်ပေါ်မှ ပစ်ချပေးနိုင်ခဲ့သည်။ ရောင်စုံသောင်းကျန်းမှုများသည်တိုင်းပြည်အတွင်း နေရာအနှံ့ဖြစ်ပွားနေခြင်းကြောင့် တပ်မတော်အင်အားရှိရန် လိုအပ်လှသည်။ တပ်မတော်(လေ)သည်လည်း အင်အားတောင့်တင်းရန်လိုအပ်ကြောင်း သိရှိလာကြသည်။ ထို့ကြောင့် တတ်နိုင်သမျှဖြင့် လေယာဉ်များ ဖြည့်ဆည်းခဲ့ရသည်။ ၁၉၄၈ ခုနှစ် ဧပြီလအတွင်း Spit Fire လေယာဉ်များဖြင့် ထိရောက်သော လေကြောင်းပစ်ကူများ ပေးနိုင်ခဲ့သည်။ ပြည်တွင်းသောင်းကျန်းသူများအား Spit Fire နှင့် Oxford လေယာဉ်များ အသုံးပြုလျက်တိုက်ပွဲဝင်ခဲ့သည်။ ပြည်တွင်း၌ ရောင်စုံသောင်းကျန်းမှုများ ဖြစ်ပေါ်နေသည်ကိုအခွင့်ကောင်းယူ၍ ကူမင်တန်တရုတ်ဖြူများ ကျူးကျော်ဝင်ရောက်လာခဲ့ကြသည်။ ၁၉၅၀ ပြည့်နှစ် ဇန်နဝါရီလတွင် တရုတ်ကူမင်တန်တပ်များ ကျိုင်းတုံနယ်သို့ဝင်ရောက်ခဲ့ပြီး မိုင်းယန်း၌ တပ်စွဲခဲ့ကြသည်။ ထိုနှစ် ဇွန်လအတွင်း၌ပင် ကျိုင်းတုံ/ တာချီလိတ် လမ်းမကြီးအတိုင်း ဆင်းလာကြပြီး တာချီလိတ်မြို့အထိ သိမ်းပိုက်လိုက်ကြသည်။ ၁၉၅၁ ခုနှစ် နှစ်ဦးပိုင်းတွင် သံလွင်မြစ်အရှေ့ဘက်ခြမ်းမှ အနောက်ဘက်ခြမ်းသို့ ကူးလာခဲ့ကြသည်။ ၎င်းတို့ရောက်ရှိခဲ့သည့် နယ်မြေများအတွင်း ဘိန်းစိုက်ကြသည်။ ဘိန်းချက်သည်။ ဘိန်းကုန်ကူးကြသည်။ ဒေသခံတိုင်းရင်းသားများကို ကြေးစားတပ်သားအဖြစ် သိမ်းသွင်းခဲ့ကြသည်။ ၁၉၅၁ ခုနှစ်အတွင်း ကျူးကျော်သူ တရုတ်ဖြူတပ်များသည် အင်အား ၄၀၀၀ ခန့်ဖြစ်လာခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် ကျူးကျော်သူအင်အား ပိုမိုများပြားလာခဲ့သည်။ မော်ချီး၊ လွိုင်းဘွဲ့၊ ကရွတ်ပိကမ်းရိုးတန်းအထိ ရောက်ရှိအခြေပြုလာကြသည်။ အမိမြန်မာနိုင်ငံတော်အတွက် ကြီးမားသောအန္တရာယ်ဖြစ်သည်။ ပြည်ပကျူးကျော်မှုခံရသည့်အတွက် အမျိုးသားရေးလိုအပ်ချက်ကား ကျူးကျော်သူကို မောင်းထုတ်နိုင်ရန်ပင်ဖြစ်သည်။ ထိုတာဝန်ကား တပ်မတော်၏တာဝန်ပင်ဖြစ်သည်။ တပ်မတော်သည် ရွှေလင်းယုန်စစ်ဆင်ရေး၊ ပြည်သာယာစစ်ဆင်ရေး၊ အောင်ရန်နိုင်စစ်ဆင်ရေးနှင့် ရဲမာန်အောင်စစ်ဆင်ရေး စသည့်စစ်ဆင်ရေးကြီးများဖြင့် ဒေသအလိုက် စစ်ဆင်ရေးများဆင်နွှဲခဲ့ပြီး ကူမင်တန်တို့ကို တိုက်ခိုက်ချေမှုန်းခဲ့သည်။ ပြည်တွင်းသောင်းကျန်းသူနှိမ်နင်းရေးစစ်ပွဲများတွင် တပ်မတော်(ကြည်း)နှင့် ပူးတွဲတိုက်ပွဲဝင်ခဲ့သည့် တပ်မတော်(လေ) အနေဖြင့် လေကြောင်းစစ်ဆင်မှုအတွေ့အကြုံများ တိုးတက်နေပြီဖြစ်သည်။ Spit Fire၊ Oxford လေယာဉ်များအပြင် သယ်ယူပို့ဆောင်ရေးအတွက် Dakota လေယာဉ်များ၊ Chipmunk လေယာဉ်များပါ ဖြည့်ဆည်းပေးနိုင်ခဲ့ပြီဖြစ်သည်။ ထို့ပြင် အမောင်းသင်လေယာဉ်အဖြစ် Vampire T–55 လေယာဉ်များပါ ဝယ်ယူအင်အားဖြည့်တင်းနိုင်ခဲ့ပြီဖြစ်သည်။ ၁၉၄၉ ခုနှစ်မှစတင်၍ ကျူးကျော်ဝင်ရောက်ခဲ့သည့် ကူမင်တန်တရုတ်ဖြူများအား တိုက်ထုတ်ရာတွင် တပ်မတော်(လေ)သည် လေကြောင်းပစ်ကူပေးတိုက်ခိုက်ခြင်း၊ လက်နက်ခဲယမ်းနှင့်ရိက္ခာပို့ဆောင်ပေးခြင်း၊ လူနာသယ်ပို့ခြင်းများ ဆောင်ရွက်ခဲ့သည်။ ၁၉၅၄ ခုနှစ် မတ်လအတွင်း ဘုရင့်နောင်စစ်ဆင်ရေး၊ ၁၉၅၅ ခုနှစ်တွင် ရန်ကြီးအောင်စစ်ဆင်ရေး၊ ၁၉၆၀ ပြည့်နှစ်တွင် မဲခေါင်စစ်ဆင်ရေး စသည်ဖြင့် လေကြောင်းမှ စစ်ဆင်ဆောင်ရွက်ပေးနိုင်ခဲ့သည်။ မဲခေါင်စစ်ဆင်ရေးတွင် ရန်သူ၏ရိက္ခာပို့လေယာဉ် အင်ဂျင်လေးလုံးတပ်လေယာဉ်ကြီးနှင့် မြန်မာ့တပ်မတော်(လေ)၏ Seafury တိုက်လေယာဉ်သုံးစင်းတို့ ဝေဟင်၌ စီးချင်းထိုးခဲ့ကြသည်။

စာမျက်နှာ ၁၄ သို့ ○

❍ **စာမျက်နှာ ၁၃ မှအဆက်**

ရန်သူ၏လေယာဉ်သည် မီးလောင်ပျက်စီးကျဆုံးခဲ့ပြီး မိမိတို့၏တိုက်လေယာဉ် သုံးစင်းမှ ဗိုလ်ပီတာ၏လေယာဉ်ပျက်ကျပြီး လေသူရဲပါကျဆုံးခဲ့ရသည်။ ကူမင်တန်တို့၏ကျူးကျော်စစ်မှာ မဲခေါင်စစ်ဆင်ရေးတွင်အဆုံးသတ်ပြီး မြန်မာ့မြေမှ အပြီးအပိုင်မောင်းထုတ်နိုင်ခဲ့သည်။ မြန်မာ့တပ်မတော် တပ်မတော်(လေ)၏အောင်ပွဲအဖြစ် မမေ့နိုင်သောတိုက်ပွဲများပင် ဖြစ်သည်။ တပ်မတော်၏အမျိုးသားရေး အောင်ပွဲပင်ဖြစ်သည်။

တပ်မတော်(လေ)ရှိ အရာရှိ/ စစ်သည်များသည်စတင်ဖွဲ့စည်းစဉ်ကပင်သင်ခန်းစာအမျိုးမျိုးရရှိခဲ့သည်။ အောက်သက်ကျေခဲ့ကြသည်။ **"အားမတန်သော်လည်း မာန်မလျှော့"**ဘဲ ဖွဲ၊ လုံ့လ၊ ဝီရိယ၊ သတ္တိ စသည့် စိတ်ဓာတ်ဖြင့် တိုက်ပွဲဝင်ခဲ့ကြသည်။ မလျှော့သောဖွဲ၊ မဆုတ်မနစ်သော လုံ့လဝီရိယ၊ သူမတူသောသတ္တိတို့ဖြင့် စစ်ပွဲဆင်နွှဲခဲ့ကြသည်။ မိမိတို့တိုင်းပြည်၏ စီးပွားရေးအခြေအနေအရ လိုက်လျောညီထွေဖြစ်မည့် လေယာဉ်/ ရဟတ်ယာဉ်နှင့် စစ်လက်နက်ပစ္စည်းများအား ဖြည့်ဆည်းဆောင်ရွက်ခဲ့သည်။ တိုက်ပွဲတစ်ခုအောင်မြင်နိုင်ရေးအတွက် လူသားအရင်းအမြစ်များ၊ စစ်လက်နက်ပစ္စည်းအရင်းအမြစ်များအရေးပါမှုကို သဘောပေါက်နားလည်ခဲ့ကြသည်။ တပ်မတော်အကြီးအကဲများသည်လည်း ခေတ်အဆက်ဆက်လေယာဉ်/ ရဟတ်ယာဉ်များ ဝယ်ယူဖြည့်ဆည်းပေးခဲ့သည်။ တပ်မတော်(လေ)ပေါက်ဖွားလာသည့် နှစ်ပတ်လည်နေ့အခမ်းအနားများတွင် လေယာဉ်/ ရဟတ်ယာဉ်များအား တပ်တော်ဝင်အဖြစ် ကျင်းပဆင်နွှဲပေးခဲ့သည်။ ယခုအခါ စိန်ရတုလွန်နှစ်များအတွင်း (၁၅)ကြိမ်မြောက်အထိ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်၊ နိုင်ငံတကာနှင့်ဒေသအတွင်း နိုင်ငံအသီးသီး၏ လေကြောင်းစွမ်းအား တိုးတက်တည်ဆောက်နေမှုကိုလည်း အစဉ်အမြဲလေ့လာသုံးသပ်သွားရမည်ဖြစ်သည်။ မိမိတို့၏ တပ်မတော်(လေ)အား လေကြောင်းစွမ်းအားနှင့် လေကြောင်းအာကာသစွမ်းအားကိုပိုင်ဆိုင်သည့် ကျစ်လျစ်ပြီး စွမ်းရည်ထက်မြက်စေရေး အချိန်နှင့်တစ်ပြေးညီ တွေးတောကြံဆလုပ်ဆောင်ကြရပေမည်၊ အကောင်အထည်ဖော်ဆောင်ရွက်နေရမည်ဖြစ်သည်။

ယနေ့မျက်မှောက်ခေတ်၏ ခေတ်သစ်စစ်ပွဲများအား လေ့လာကြမည်ဆိုပါက လေကြောင်းနှင့် အာကာသစွမ်းအားသည် စစ်ပွဲအောင်နိုင်ရေးအတွက် များစွာအရေးပါလှသည်ကို တွေ့ရှိရမည်ဖြစ်သည်။ လေကြောင်းစွမ်းအား သာလွန်မှုသည် ရန်သူအပေါ် လွှမ်းမိုးချုပ်ကိုင်နိုင်ပြီး မိမိတပ်များ၏ စိတ်ဓာတ်နှင့်တိုက်စွမ်းရည်ကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတကာ တပ်မတော်များအနေဖြင့် လေကြောင်းစိုးမိုးမှု၊ လေကြောင်းအရေးသာမှုရရှိရေးအတွက် အဓိကထားဆောင်ရွက်လာကြသည်ကို တွေ့ရှိရမည်ဖြစ်သည်။ တပ်မတော်(လေ)ရှိ အရာရှိ/ စစ်သည်များအနေဖြင့် စတင်ဖွဲ့စည်းစဉ်မှစ၍ ကြိုးပမ်းလုပ်ဆောင်ခဲ့ကြသည်။ လူ့စွမ်းအားအရင်းအမြစ်များကို အစွမ်းကုန်စိုက်ထုတ်ခဲ့ကြသည်၊ အရာရှိ/ စစ်သည်များအဆက်ဆက် ကောင်းမွေများကို လက်ဆင့်ကမ်းသယ်ဆောင်လာကြသည်။ မြင့်မားသော လေကြောင်းစွမ်းအားပိုင်ဆိုင်ရေးအတွက် အမြဲလေ့ကျင့်လျက်ရှိသည်။ တိုက်ပွဲဝင်အသင့်ဖြစ်ရေး အမြဲလုပ်ဆောင်လျက်ရှိသည်။ တပ်မတော်အကြီးအကဲများမှခေတ်မီလေယာဉ်/ ရဟတ်ယာဉ်များ၊ ခေတ်မီစစ်လက်နက်ပစ္စည်းများ၊ ခေတ်မီအီလက်ထရောနစ်ပစ္စည်းများနှင့်မိုးလေဝသဆိုင်ရာနည်းပညာမြင့်မားသည့်စက်ပစ္စည်းများအား ဝယ်ယူဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ တပ်မတော်(လေ)ရှိ အရာရှိ/ စစ်သည်များသည်လည်း စစ်နည်းဗျူဟာကျွမ်းကျင်ရေး၊ လေကြောင်းအကဲသာမှုရရှိရေး၊ အီလက်ထရောနစ်နည်းပညာသာလွန်ကောင်းမွန်ရေး၊ ခေတ်မီစစ်လက်နက်ပစ္စည်းများအား အကျိုးရှိရှိအသုံးချနိုင်ရေးတို့အတွက် စဉ်ဆက်မပြတ်လေ့ကျင့်လျက်ရှိပေသည်၊ နည်းပညာများတိုးတက်ပြောင်းလဲလာသည်နှင့်အတူ ကျင့်သုံးလာသည့် စစ်နည်းဗျူဟာများ၊ စစ်လက်နက်ပစ္စည်းများအား ကျွမ်းကျင်ပိုင်နိုင်စွာအသုံးချနိုင်ရေး အလေးအနက်ထားပြီး လုပ်ဆောင်လျက်ရှိပေသည်။ တပ်မတော်(လေ)တွင် အဓိကသင်ကြားပို့ချပေးလျက်ရှိသည့် လေယာဉ်မောင်းသင်ကျောင်း၊ လေကြောင်းစစ်ဆင်ရေးသင်တန်းကျောင်း၊ စက်မှုလက်မှုအတတ်သင်ကျောင်း၊ အီလက်ထရောနစ်အတတ်သင်ကျောင်းနှင့် အုပ်ချုပ်ရေးအတတ်သင်ကျောင်း စသည့်သင်တန်းကျောင်းကြီးငါးကျောင်းမှလည်း အရည်အချင်း၊ အရည်အသွေးထက်မြက်သည့် အရာရှိ/စစ်သည်များ မွေးထုတ်ပေးလျက်ရှိသည်။ ခေတ်မီပြောင်းလဲတိုးတက်နေသည့် နည်းပညာများနှင့်အတူ လိုက်လျောညီထွေဖြစ်စေမည့် စစ်မဟာဗျူဟာ၊ စစ်နည်းဗျူဟာများအား "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ"ဟူသည့် လုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်လျက်ရှိနေပေသည်။ တပ်မတော်(လေ)အနေဖြင့် သမိုင်းကြောင်းတစ်လျှောက်တွင် ပိုင်နက်ဝေဟင်စိုးမိုးရေးနှင့် လေကြောင်းရန်ကာကွယ်ရေးသာမက ပြည်တွင်းသောင်းကျန်းမှု၊ ပြည်ပသောင်းကျန်းမှု၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကဏ္ဍများတွင် တပ်မတော်(ကြည်း)၊ တပ်မတော်(ရေ)၊ ပြည်သူလူထုတို့နှင့်အတူ လက်တွဲ၍ ပူးပေါင်းဆောင်ရွက်ခဲ့ပေသည်။

❖ **တပ်မတော်(လေ)၏ဖြစ်တည်သန်းခဲ့သည့် (၇၇)နှစ်တာကာလအတွင်း သမားရိုးကျစစ်ဆင်ရေးများ၊ သမားရိုးကျမဟုတ်သည့်စစ်ဆင်ရေးများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ကျရာအခန်းကဏ္ဍမှ ပေးအပ်သည့် တာဝန်များကို အားကြိုးမာန်တက် ကျေပွန်စွာထမ်းဆောင်နိုင်ခဲ့ . . .**

❖ **မိမိတို့တပ်မတော်(လေ)၏ ဖြစ်တည်သန်းခဲ့ရသည့်ကာလတစ်လျှောက် အတွေ့အကြုံများမှ သင်ခန်းစာရယူလျက် အနာဂတ်ကာလတွေ့ကြုံရမည့်စစ်ပွဲများအတွက် အောင်မြင်စွာလုပ်ဆောင်နိုင်ရေး နည်းလမ်းကောင်းများကို ရှာဖွေလက်ဆင့်ကမ်းခဲ့ကြ. . .**

မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေကို သုံးသပ်ကြည့်မည်ဆိုပါက အမျိုးမျိုးသောအကြမ်းဖက်အဖွဲ့အစည်းများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ အကြမ်းဖက်မှုများအား နေရာအနှံ့အပြားတွေ့ရှိနေကြရပေမည်၊ အကြမ်းဖက်များကျူးလွန်ခဲ့ကြသည့်လုပ်ရပ်များသည်လည်း နိုင်ငံတကာသတ်မှတ်ထားသည့် အကြမ်းဖက်ပုံစံများနှင့် ထပ်တူညီဖြစ်နေသည်ကို တွေ့မြင်ကြရမည်ဖြစ်သည်။ ထို့ကြောင့် နယ်မြေဒေသများတည်ငြိမ်အေးချမ်းသာယာရေးအတွက်၊ ပြည်သူများ၏လူနေမှုဘဝအေးချမ်းသာယာရေးအတွက်အကြမ်းဖက်များ၊ လက်နက်ကိုင်သောင်းကျန်းသူများအား တပ်မတော်မှ တရားသောစစ်ဆင်နွှဲလျက်ရှိပေသည်။ တပ်မတော်(လေ)အနေဖြင့်လည်း တပ်မတော်(ကြည်း) လက်ရုံးတပ်ဖွဲ့များနှင့်ပူးပေါင်း၍ စစ်ဆင်ရေးများဆင်နွှဲလျက်ရှိပေသည်။ လေကြောင်းစွမ်းအားကို ထိရောက်စွာအသုံးချလျက် တစ်တပ်တစ်အား ပါဝင်ဆင်နွှဲလျက်ရှိပေသည်။ တပ်မတော်(လေ)၏ဖြစ်တည်သန်းခဲ့သည့် (၇၇)နှစ်တာကာလအတွင်း သမားရိုးကျစစ်ဆင်ရေးများ၊ သမားရိုးကျမဟုတ်သည့်စစ်ဆင်ရေးများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ကျရာအခန်းကဏ္ဍမှပေးအပ်သည့် တာဝန်များကို အားကြိုးမာန်တက် ကျေပွန်စွာထမ်းဆောင်နိုင်ခဲ့ပေသည်။

တပ်မတော်(လေ)ရှိ အရာရှိ/ စစ်သည်များအနေဖြင့် နိုင်ငံတကာနှင့်ဒေသအတွင်း နိုင်ငံအသီးသီး၏ လေကြောင်းစွမ်းအား တိုးတက်တည်ဆောက်နေမှုကိုလည်း အချိန်နှင့်တစ်ပြေးညီ လေ့လာသုံးသပ်လျက်ရှိပေသည်။ မိမိတို့တပ်မတော်(လေ)၏ဖြစ်တည်သန်းခဲ့ရသည့် ကာလတစ်လျှောက် အတွေ့အကြုံများမှ သင်ခန်းစာရယူလျက် အနာဂတ်ကာလတွေ့ကြုံရမည့် စစ်ပွဲများအတွက် အောင်မြင်စွာလုပ်ဆောင်နိုင်ရေး နည်းလမ်းကောင်းများကို ရှာဖွေလက်ဆင့်ကမ်းခဲ့ကြပေသည်။ ယနေ့တပ်မတော်(လေ)တွင် စတုတ္ထမျိုးဆက်လွန်လေယာဉ်များပိုင်ဆိုင်နေပြီဖြစ်သည်။ တပ်မတော်(လေ)၏ အနာဂတ်ရည်မှန်းချက်ဖြစ်သည့် လေကြောင်းစွမ်းအားများကိုလည်း လုပ်ဆောင်လာနိုင်ပြီဖြစ်သည်။ မဟာဗျူဟာမြောက် စွမ်းရည်အချို့ကို ပိုင်ဆိုင်သည့် နည်းဗျူဟာမြောက်လေတပ်အဖြစ် ခြေလှမ်းသစ်တစ်ရပ် ကူးပြောင်းရပ်တည်နိုင်ခဲ့ပြီဖြစ်သည်။

တပ်မတော်အကြီးအကဲများအနေဖြင့် တပ်မတော်(လေ)အား ကျစ်လျစ်ပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီတပ်မတော်အဖြစ် တည်ဆောက်ပေးလျက်ရှိသည်။ တပ်မတော်(လေ)ရှိ အရာရှိ/ စစ်သည်များသည်လည်း သမိုင်းအဆက်ဆက် တာဝန်ကျေခဲ့ကြသူများဖြစ်သည်။ ရှေ့ဆက်၍လည်း တိုင်းပြည်၏တာဝန်များကို ကျရာအခန်းကဏ္ဍမှ အသက်ပေးထမ်းဆောင်သွားမည့်သူများဖြစ်သည်။ "ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး" ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ပန်ဆင်သွားမည့်သူများဖြစ်သည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများတွင် စွန့်လွှတ်စွန့်စားသည့်စိတ်ဓာတ်ဖြင့် အသက်စွန့်ထမ်းဆောင်သွားမည့်သူများဖြစ်သည်။ အမိမြေ၊ အမိရေ၊ အမိဝေဟင်ပိုင်နက်များအား အသက်ပေးကာကွယ်စောင့်ရှောက်လျက် တပ်မတော်(လေ)၏ ဂုဏ်၊ တပ်မတော်၏ဂုဏ်ကို မြှင့်တင်ဆောင်ရွက်သွားမည့်သူများဖြစ်သည်။

တပ်မတော်(လေ)သည် နိုင်ငံတကာအဆင့်မီ ခေတ်မီလေတပ်မတော်ဖြစ်စေရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးထားသည့် လေယာဉ်/ ရဟတ်ယာဉ်များနှင့်စစ်လက်နက်ပစ္စည်းများအား ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ်မောင်းနှင်ပျံသန်းနိုင်ရေး အစဉ်အမြဲလေ့ကျင့်လျက်ရှိပေသည်။ တပ်ဆင်ထားသည့် လက်နက်ပစ္စည်းများအား ရည်မှန်းချက်သို့ ထိရောက်စွာပစ်ခတ်နိုင်ရေး စဉ်ဆက်မပြတ်လေ့ကျင့်လျက်ရှိပေသည်။ စစ်ဆင်ရေးများအတွက် နေ့ညအချိန်အခါနှင့် ရာသီဥတုမရွေး ထမ်းဆောင်နိုင်ရေး အသင့်ဖြစ်နေမည့် တပ်မတော်(လေ)ဖြစ်သည်။ တပ်မတော်(လေ)အနေဖြင့် စစ်ဆင်ရေးအတွက် အသင့်ဖြစ်နေစေရေး လေ့ကျင့်ဆောင်ရွက်နေသကဲ့သို့ တပ်တွင်း၊ တပ်ပြင်စည်းလုံးညီညွတ်ရေးကိုလည်း မပြတ်လုပ်ဆောင်လျက်ရှိပေသည်။ တပ်မတော်၏အစဉ်အလာကောင်းများအား မျိုးဆက်သစ်များမှ ဆက်လက်ထိန်းသိမ်းလျက် အဘက်ဘက်မှ ကောင်းမွန်ပြည့်စုံသည့် တပ်မတော်(လေ)အဖြစ် တည်ဆောက်သွားမည်ဖြစ်သည်။

အမိနိုင်ငံတော်၏ လက်ရှိအခြေအနေတွင် မြေပြင်၊ ရေပြင်၊ ဝေဟင်ပိုင်နက်နှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရမည်ဖြစ်သည်။ အမိနိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန်မှာ တပ်မတော်သာအဓိကဖြစ်သည်။ ထို့ကြောင့် တပ်မတော်အား အင်အားတောင့်တင်းပြီး ခေတ်မီတပ်မတော်တစ်ရပ်ဖြစ်အောင် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။ တပ်မတော်(လေ)သည်လည်း နည်းပညာမြင့်မားတိုးတက်သည့် လေယာဉ်/ ရဟတ်ယာဉ်များအား အထိုက်အလျောက် ပိုင်ဆိုင်နေပြီဖြစ်သည်။ တိုက်ပွဲဝင်လေယာဉ်များအား စတုတ္ထမျိုးဆက်အဆင့်သို့ပင် တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။ တပ်မတော်(လေ)ရှိ အရာရှိ/ စစ်သည်များအနေဖြင့် လက်ဝယ်ပိုင်ဆိုင်နေသည့် လေယာဉ်/ ရဟတ်ယာဉ်များဖြင့် အဆင့်မြင့် စစ်လက်နက်ပစ္စည်းများအား ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ်အသုံးပြုနိုင်ရမည်ဖြစ်သည်။ တွေ့ကြုံနေရသည့် စစ်ပွဲများတွင် အကျိုးရှိစွာ တိုက်ပွဲဝင်နိုင်ရမည်ဖြစ်သည်။ အနာဂတ်ကာလတွင် ဖြစ်ပေါ်လာနိုင်သည့် စစ်ပွဲများအတွက် ပိုမိုမြင့်မားတိုးတက်သည့် လေကြောင်းစွမ်းပကားများကို ပိုင်နိုင်စွာအသုံးပြုနိုင်ရန် လက်ဆင့်ကမ်းအမွေများ ဖြန့်ဝေပေးသွားရမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ တပ်မတော်(လေ)သည် မိမိတို့တပ်ရှိ အရာရှိ/ စစ်သည်များအား စိတ်ဓာတ်အင်အားမြှင့်တင်လျက် တိုက်စွမ်းရည်၊ တိုက်စွမ်းအားမြင့်မားစေရေး လေ့ကျင့်ဆောင်ရွက်သွားရမည်ဖြစ်သည်။ လေကြောင်းအရေးသာမှုရရှိရေး၊ မြင့်မားသည့် လေကြောင်းစွမ်းအားပိုင်ဆိုင်သည့် လေတပ်မတော်ဖြစ်စေရေး အလေးအနက်ထား ဆောင်ရွက်သွားကြပါစို့၊ တပ်မတော်(လေ)ကို ကျစ်လျစ်ပြီး စွမ်းရည်ထက်မြက်သည့် အီလက်ထရောနစ်စွမ်းအားမြင့်မားသည့် ခေတ်မီတပ်မတော်အဖြစ် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြပါစို့ဟု (၇၇)နှစ်မြောက် တပ်မတော်(လေ)နှစ်ပတ်လည်နေ့အား ဂုဏ်ပြုရေးသားလိုက်ရပါကြောင်း။ ။

# (၇၇)နှစ်မြောက် တပ်မတော်(လေ)နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုစစ်ရေးပြအခမ်းအနားနှင့် အန္တရာယ်ကင်းပရိတ်တရားနာယူ ဆွမ်းကပ်လှူဒါန်းခြင်းအခမ်းအနားကျင်းပပြုလုပ်

နေပြည်တော် ဒီဇင်ဘာ ၁၅

(၇၇)နှစ်မြောက် တပ်မတော်(လေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာတပ်နယ်ရှိ လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်၌ ကျင်းပပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီးထွန်းအောင်၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးဇော်ဝင်းမြင့်၊ အငြိမ်းစားကာကွယ်ရေးဦးစီးချုပ်(လေ)များ၊ လေတပ်ကွပ်ကဲမှုဌာနချုပ်မှူးများ၊ လေတပ်စခန်းဌာနချုပ်မှူးများ၊ မိတ္ထီလာတပ်နယ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ဆရာတော်ထံမှ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် အခမ်းအနားတက်ရောက်လာကြသူများက ငါးပါးသီလခံယူဆောက်တည်ကြစဉ်။



ဆရာတော်ထံ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီးတို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။





ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်က (၇၇)နှစ်မြောက် တပ်မတော်(လေ)နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

ဦးစွာ စစ်ရေးပြအခမ်းအနားအား အစီအစဉ်အတိုင်း ကျင်းပပြုလုပ်ရာ နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော တပ်မတော်သားအပေါင်းအား အလေးပြုခြင်း၊ သစ္စာလေးချက်ရွတ်ဆိုခြင်းများ ဆောင်ရွက်၍ ကာကွယ်ရေးဦးစီးချုပ်(လေ)က စစ်ရေးပြတပ်ခွဲများအား စစ်ဆေးသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(လေ)က (၇၇)နှစ်မြောက် တပ်မတော်(လေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ် မိန့်ခွန်းပြောကြားခဲ့ပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

အလားတူ (၇၇)နှစ်မြောက် တပ်မတော်(လေ)နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ပရိတ်တရားနာယူခြင်းနှင့် အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားအား လေယာဉ်ထုတ်လုပ်ပြင်ဆင်ရေးဌာနချုပ်တွင် ကျင်းပပြုလုပ်ရာ မိတ္ထီလာမြို့နယ်သံဃနာယကအဖွဲ့ဝင် မဟာကမ္မဋ္ဌာနာစရိယ သဲကုန်းကျောင်းတိုက်၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တတေဇဝန္တ အမှူးပြုသော သံဃာတော်အရှင်မြတ်များက ကြွရောက်ချီးမြှင့်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးဇော်ဝင်းမြင့်နှင့်ဇနီး၊ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် သဲကုန်းကျောင်းတိုက်၏ ဦးစီးပဓာနနာယကဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီးနောက် သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားချီးမြှင့်တော်မူကြသည့်ပရိတ်တရားတော်များအား နာယူကြသည်။

ထို့နောက်သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး သဲကုန်းကျောင်းတိုက်၏ဦးစီးပဓာနနာယကဆရာတော်ထံမှ အနုမောဒနာတရားနာယူကြသည်။

ဆက်လက်၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှဝေကြပြီးနောက် သံဃာတော်အရှင်သူမြတ်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# နွေစပါးစိုက်ပျိုးထုတ်လုပ်မှုနှင့် စပါးမျိုးသစ်များအကြောင်း အသိပညာပေးဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၁၅

(၅၆)ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးဆောင်ခန်းမ၌ "နေပြည်တော်ကောင်စီနယ်မြေ နွေစပါးစိုက်ပျိုးထုတ်လုပ်မှုနှင့်စပါးမျိုးသစ်များအကြောင်း"ခေါင်းစဉ်ဖြင့် ကျင်းပသည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ အချိန်နှင့်ငွေကြေး အကုန်အကျခံကာ သုတေသနပြုဆောင်ရွက်ထားရှိသော စပါးမျိုးသစ်များကို တောင်သူများ ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန ပညာပေးဝန်ထမ်းများက တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ တောင်သူများအနေဖြင့် မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးအသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲတွင် တာဝန်ရှိသူများက နေပြည်တော်၏ ၂၀၂၄-၂၀၂၅ ခုနှစ် နွေစပါးစိုက်ပျိုးထုတ်လုပ်မည့် အစီအစဉ်များ၊ နေပြည်တော်ကောင်စီနယ်မြေ နွေစပါးစိုက်ပျိုးထုတ်လုပ်မှုနှင့် စပါးမျိုးသစ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ တောင်သူများက သိရှိလိုသည်များပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြပြီး ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေးကာ လိုအပ်ချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဆွေးနွေးသည်။

ယနေ့ကျင်းပသည့် (၅၆)ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲသို့ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ သုတေသီများ၊ စိုက်ပျိုးပညာပေးပညာရှင်များ၊ လယ်ဝေးမြို့နယ်မှ တောင်သူများတက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ်များမှ လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများ၊ တောင်သူများက Zoom Point ၆၈ Point မှ တက်ရောက်ခဲ့ကြကြောင်း သိရသည်။



(သတင်းစဉ်)

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# မျက်မှောက်ခေတ် ကမ္ဘာတစ်လွှားဖြစ်ပွားနေသည့်စစ်ပွဲများနှင့် လက်နက်ကိုင်ပဋိပက္ခများကိုလေ့လာဆန်းစစ်ကြည့်ပါက လေကြောင်းနှင့် အာကာသစွမ်းအားဟာ စစ်ပွဲအောင်နိုင်ရေးအတွက် အဓိကအရေးပါသည့်အခန်းကဏ္ဍက ပါဝင်နေ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်(လေ)၏ဖွဲ့စည်းတည်ထောင်မှု (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားနှင့် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

☆ **ကျောဖုံးမှအဆက်**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ လေတပ်စခန်းဌာနချုပ်မှူးများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့သည် တပ်မတော်(လေ)၏ (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားဖြစ်ပြီး ယခုကဲ့သို့ မင်္ဂလာရှိသည့်နေ့တွင် နိုင်ငံတော်ကာကွယ်ရေးတာဝန်များထမ်းဆောင်ရာ၌ တပ်မတော်(လေ)၏စွမ်းရည်မြင့်မားတိုးတက်ရေးအတွက် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနားကို ကျင်းပပြုလုပ်သွားမည်ဖြစ်သည့်အတွက် နိုင်ငံတော်၊ တပ်မတော်နှင့် တပ်မတော် (လေ)အတွက် ဂုဏ်ယူဖွယ်ရာနေ့တစ်နေ့လည်းဖြစ်ကြောင်း။

ယခင်က တပ်မတော်(လေ) လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနားများ ၁၄ ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့တွင် လေယာဉ်၊ ရဟတ်ယာဉ်များကို တပ်တော်ဝင်ခြင်းဆောင်ရွက်ပြီး တပ်မတော်(လေ)သို့ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ လေယာဉ်၊ ရဟတ်ယာဉ်များ တိုးတက်ဖြည့်ဆည်းပေးနိုင်သည့်အတွက် တပ်မတော်(လေ)၏ စစ်ဆင်ရေးနှင့်အခြားပျံသန်းရေးတာဝန်များ ထမ်းဆောင်ရာတွင် အဓိကအရေးပါသည့် စွမ်းဆောင်ရည်များကို မြှင့်တင်ပေးရာရောက်သကဲ့သို့ တပ်မတော်အတွက် တိုက်စွမ်းရည်နှင့် တိုက်စွမ်းအား တိုးတက်မြင့်မားအောင် အထောက်အကူပြုစေမည်လည်းဖြစ်ကြောင်း။

မျက်မှောက်ခေတ် ကမ္ဘာတစ်လွှားဖြစ်ပွားနေသည့် စစ်ပွဲများနှင့် လက်နက်ကိုင်ပဋိပက္ခများကို လေ့လာဆန်းစစ်ကြည့်ပါက လေကြောင်းနှင့် အာကာသစွမ်းအားဟာ စစ်ပွဲအောင်နိုင်ရေးအတွက် အဓိကအရေးပါသည့် အခန်းကဏ္ဍက ပါဝင်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ လေကြောင်းစွမ်းအားသာလွန်ကောင်းမွန်ရန် ရန်သူအပေါ် လွှမ်းမိုးထိန်းချုပ်ချေမှုန်းနိုင်ပြီး မိမိတပ်ဖွဲ့များ၏ စိတ်ဓာတ်နှင့် တိုက်စွမ်းရည်ပိုမိုအားကောင်းတိုးတက်စေကြောင်း သိသာထင်ရှားစွာ တွေ့မြင်နေရကြောင်း၊ ထို့ကြောင့် တပ်မတော်(လေ)အနေဖြင့် ဖြစ်ပေါ်တိုးတက်နေသည့် အခြေအနေများကို မျက်ခြည်မပြတ်လေ့လာသုံးသပ်ဆန်းစစ်ပြီး လိုက်လျောညီထွေစွာ ပြောင်းလဲတိုးတက်ဆောင်ရွက်နေရမည်ဖြစ်ကြောင်းကို အလေးအနက်မှာကြားလိုကြောင်း။

ပိုင်ဆိုင်ထားသည့် လေယာဉ်၊ ရဟတ်ယာဉ်များနှင့် လက်နက်စနစ်များ၏ စွမ်းဆောင်ရည်ကို အပြည့်အဝအသုံးချစစ်ဆင်နိုင်ရန် လေ့ကျင့်သားပြည့်ဝမှုသည် အဓိကလိုအပ်ချက်ဖြစ်ကြောင်း၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှုသည် စဉ်ဆက်မပြတ်ဖြစ်ပေါ်ပြောင်းလဲနေသည့်အတွက် တစ်ကြိမ်တစ်ခါလေ့ကျင့်ရုံဖြင့် မလုံလောက်ဘဲ "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ဟူသည့် လုပ်ငန်းစဉ်အတိုင်း အမြဲမပြတ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယနေ့ကာလတွင် အင်အားကြီးနိုင်ငံများ၏ အချင်းချင်းအားပြိုင်မှုများ တိုးတက်ဖြစ်ပေါ်လျက်ရှိပြီး အကျိုးဆက်အနေဖြင့် နိုင်ငံငယ်များအပေါ် ကဏ္ဍပေါင်းစုံမှ ဝင်ရောက်စွက်ဖက်ပြီး လွှမ်းမိုးခြယ်လှယ်ရန် ကြိုးပမ်းမှုများ၊ နိုင်ငံအချင်းချင်း ပိုင်နက်နယ်မြေ အငြင်းပွားမှုများ၊ အကြမ်းဖက်တိုက်ခိုက်မှုများ၊ ပြည်တွင်း မငြိမ်မသက်မှုများသည် ကမ္ဘာ့နေရာအနှံ့အပြားတွင် ဖြစ်ပွားလျက်ရှိနေကြောင်း။

တပ်မတော်(လေ)၏သမိုင်းကို ပြန်ကြည့်မည်ဆိုပါက အခက်အခဲများကြားမှ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် ဇွဲသတ္တိတို့ကို အရင်းခံပြီး ရှိသည့်လေယာဉ်၊ ရှိသည့်လက်နက်ဖြင့် ရည်မှန်းချက်အောင်မြင်အောင် ကြိုးစားတိုက်ပွဲဝင်ခဲ့သည်ကို အထင်အရှားတွေ့မြင်နေရကြောင်း၊ ထိုကဲ့သို့ မြင့်မြတ်ဂုဏ်ယူဖွယ်ဖြစ်သည့် အစဉ်အလာကောင်းများကို တန်ဖိုးထားထိန်းသိမ်းပြီး နောက်မျိုးဆက်သစ်များအတွက် လက်ဆင့်ကမ်းအမွေဆက်လက်ပေးအပ်သွားကြရန် တိုက်တွန်း မှာကြားလိုကြောင်း။

တပ်မတော်က ဆောင်ရွက်အကောင်အထည်ဖော်နေသည့် နိုင်ငံတော်ကာကွယ်ရေး၊ နိုင်ငံတော်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် တပ်မတော်(လေ)အနေဖြင့်လည်း ကျရာအခန်းကဏ္ဍမှ တက်တက်ကြွကြွ ဆက်လက်ပါဝင်ထမ်းဆောင်သွားကြရန်၊ ယခုတပ်တော်ဝင်ပေးလိုက်သည့် လေယာဉ်၊ ရဟတ်ယာဉ်များကို မြတ်နိုးတန်ဖိုးထားစွာကိုင်တွယ်အသုံးပြုပျံသန်းပြီး တပ်မတော်၏ဂုဏ်ကိုမြှင့်တင်ဆောင်ရွက်သွားကြရန်၊ နိုင်ငံတော်ကို ထိထိရောက်ရောက် ကာကွယ်စောင့်ရှောက်နိုင်သည့် စွမ်းရည်မြင့်မားသော ခေတ်မီတပ်မတော်(လေ)အဖြစ် အစဉ်ရပ်တည်နိုင်အောင် ကြိုးစားအားထုတ်တည်ဆောက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်က လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်ခြင်းနှင့်ပတ်သက်၍ ကျေးဇူးတင်စကားပြောကြားပြီး စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးဇော်ဝင်းမြင့်က လေယာဉ်၊ ရဟတ်ယာဉ်များအား တပ်တော်ဝင်အဖြစ် ကြေညာသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်က လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အထိမ်းအမှတ် လေယာဉ်ပုံစံငယ်များကို ဂါရဝပြုပေးအပ်သည်။

ထို့နောက် လေယာဉ်၊ ရဟတ်ယာဉ်များ သရုပ်ပြအုပ်ဖွဲ့ပျံသန်း အလေးပြုခြင်းနှင့် ကျွမ်းထိုးသရုပ်ပြပျံသန်းခြင်းများပြသကြရာ ဦးစွာ အချိန်ကိုက်ပျံသန်း အလေးပြုခြင်းအစီအစဉ်အရ သယ်ယူပို့ဆောင်ရေးရဟတ်ယာဉ် ၂ စင်းတို့က နိုင်ငံတော်အလံနှင့် တပ်မတော်အလံကိုချိတ်ဆွဲပြီး အပေါ့စားသယ်ယူပို့ဆောင်ရေးရဟတ်ယာဉ် ၂ စင်းတို့က ခြံရံလိုက်ပါပျံသန်း၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို အလေးပြုကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်က လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အထိမ်းအမှတ် လေယာဉ်ပုံစံငယ်များကို ဂါရဝပြုပေးအပ်စဉ်။

ယင်းနောက် အပေါ့စားသယ်ယူပို့ဆောင်ရေးရဟတ်ယာဉ် ၄ စင်းတို့က အမျိုးအစားမတူညီသည့် Composite Box Formation အုပ်ဖွဲ့ ပုံစံဖြင့်လည်းကောင်း၊ တပ်မတော်(လေ)မှ စမ်းသပ်တီထွင်ထုတ်လုပ်ထားသည့် ကင်းထောက်လေယာဉ် ၂ စင်းနှင့် အမောင်းသင်လေယာဉ် ၁ စင်းတို့က အမျိုးအစားမတူညီသည့် Composite Trail Formation အုပ်ဖွဲ့ပုံစံဖြင့်လည်းကောင်း၊ သယ်ယူပို့ဆောင်ရေးလေယာဉ် ၁ စင်းနှင့် အလတ်စား သယ်ယူပို့ဆောင်ရေးလေယာဉ် ၂ စင်းတို့က အမျိုးအစားမတူညီသည့် Composite Arrow Head Formation အုပ်ဖွဲ့ပုံစံဖြင့်လည်းကောင်း၊ ဂျက်တိုက်လေယာဉ် ၃ စင်းတို့က Composite Trail Formation အုပ်ဖွဲ့ပုံစံဖြင့် တပ်မတော်(လေ) ကို ကိုယ်စားပြုသည့် အဝါရောင်၊ အဖြူရောင်၊ အပြာရောင် မီးခိုးများကိုထုတ်လွှတ်၍လည်းကောင်း၊ ကြားဖြတ်တိုက်ခိုက်ရေးလေယာဉ် ၂ စင်းနှင့် ဘက်စုံသုံးဂျက်တိုက်လေယာဉ် ၂ စင်းတို့က အမျိုးအစားမတူညီသည့် Composite Box Formation အုပ်ဖွဲ့ပုံစံဖြင့်လည်းကောင်း၊ တိုက်လေယာဉ် ၃ စင်းတို့က Composite Arrow Head Formation အုပ်ဖွဲ့ပုံစံဖြင့်ပျံသန်းမောင်းနှင်ကြပြီး ရှုရပ်၏ ရှေ့တူရူတည့်တည့်မှ ပျံသန်းဝင်ရောက်ကာ ယပ်တောင်ဖြန့်ခွဲပုံစံဖြင့်လည်းကောင်း၊ အမောင်းသင်လေယာဉ် ၁ စင်း၊ ဘက်စုံသုံးဂျက်တိုက်လေယာဉ် ၁ စင်းနှင့် စတုတ္ထမျိုးဆက်လွန် ဘက်စုံသုံး အကြီးစားဂျက်တိုက်လေယာဉ် ၁ စင်းတို့က အမျိုးအစားမတူ၊ အရွယ်အစားမတူ၊ ပျံသန်းနှုန်းမတူညီသည့် လေယာဉ်အမျိုးအစား ၃ မျိုးတို့က Composite Arrow Head Formation အုပ်ဖွဲ့ပုံစံဖြင့်လည်းကောင်း နိုင်ငံတော်

စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ပျံသန်းအလေးပြုခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် တိုက်လေယာဉ် ၁ စင်းက အမြန်နှုန်း တစ်နာရီ ၉၀၀ ကီလိုမီတာနှုန်း High Speed Flight ဖြင့် ပျံသန်းကာ ရုတ်ခြည်းအပေါ်တည့်တည့်သို့ ထောင်တက်၍ Zoom Climb Maneuver ကို စွမ်းရည်သရုပ်ပြပျံသန်းပြီး စတုတ္ထမျိုးဆက်လွန် ဘက်စုံသုံး အကြီးစားတိုက်လေယာဉ်ဖြစ်သည့် Su-30 SME တိုက်လေယာဉ် ၁ စင်းက ရန်သူမှတန်ပြန်ပစ်ခတ်လာနိုင်သည့် လေကြောင်းရန်ကာကွယ်ရေးလက်နက်များအား ရှောင်ရှားပျံသန်းရာတွင်လည်းကောင်း၊ မိမိလေယာဉ်နောက်မှလိုက်ပါလာသည့် ရန်သူကိုလှည့်စားပြီး ရန်သူ့လေယာဉ်၏ ဘယ် သို့မဟုတ် ညာဘက်သို့ ကွေ့ဝိုက်ကာ ရန်သူ့လေယာဉ်အနောက်တည့်တည့်မှ ပြန်လည်နေရာယူတိုက်ခိုက်သည့် ပုံစံ Oblique Loop Maneuer ဟုခေါ်သည့် စစ်ကစားမှုပုံစံဖြင့်ပျံသန်း၍လည်းကောင်း၊ မိမိလေယာဉ်နောက်မှ ထက်ကြပ်မကွာလိုက်လာသည့် ရန်သူကို လှည့်စားသည့်အနေဖြင့် ဘယ် သို့မဟုတ် ညာသို့ Roll ပြုလုပ်ကာ Multi Roll ဟုခေါ်သည့် စစ်ကစားမှုပုံစံဖြင့် ပြုလုပ်ပျံသန်း၍လည်းကောင်း၊ သာမန်ဂျက်တိုက်လေယာဉ်များမပြုလုပ်နိုင်သည့် ပျံသန်းမှုအမျိုးအစားဖြစ်သည့် High AOA Loop ပုံစံဖြင့် သရုပ်ပြပျံသန်း၍လည်းကောင်း၊ ရှုရပ်၏ အနောက်တည့်တည့်မှဝင်ရောက်ပြီး မီးကျည်များပစ်လွှတ်၍လည်းကောင်း စွမ်းရည်သရုပ်ပြပျံသန်းသည်။















နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား သယ်ယူပို့ဆောင်ရေးရဟတ်ယာဉ် ၂ စင်းတို့က နိုင်ငံတော်အလံနှင့်တပ်မတော်အလံကိုချိတ်ဆွဲပြီး အပေါ့စား သယ်ယူပို့ဆောင်ရေးရဟတ်ယာဉ် ၂ စင်းတို့ ခြံရံလိုက်ပါပျံသန်း၍အလေးပြုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တပ်မတော်(လေ)၏ (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ငှက်များအားဘေးမဲ့လွှတ်ပေးစဉ်။

ထို့နောက် ဇီဝိတဒါနငှက်လွှတ်ခြင်း ဆောင်ရွက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များက တပ်မတော်(လေ) ၏ (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ငှက်အကောင်ရေ ၇၇ ကောင်တို့အား ဘေးမဲ့လွှတ်ပေးကြပြီးနောက် တပ်တော်ဝင်လေယာဉ်၊ ရဟတ်ယာဉ်များအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။ ၎င်းနောက် တပ်တော်ဝင် လေယာဉ်၊ ရဟတ်ယာဉ်များအား လှည့်လည်ကြည့်ရှုကြပြီး အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် သရုပ်ပြအုပ်ဖွဲ့ပျံသန်းမှုတွင် ပါဝင်သောလေသူရဲများအား ဂုဏ်ပြုနှုတ်ဆက်စကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။

ယနေ့ လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနားတွင် ပါဝင်ပျံသန်းခဲ့သည့် MTX-1A နှင့် MTX-1B လေယာဉ်များသည် တပ်မတော်(လေ)မှ အရာရှိ၊ စစ်သည်များကိုယ်တိုင် စမ်းသပ်တီထွင်ထုတ်လုပ်ထားသော ကင်းထောက်လေယာဉ်အမျိုးအစားဖြစ်သည်။ Reverse Engineering နည်းလမ်းဖြင့် လေယာဉ်ထုတ်လုပ်မှုနည်းပညာနှင့် အတွေ့အကြုံများရရှိရန်ရည်ရွယ်၍ စမ်းသပ်ထုတ်လုပ်တပ်ဆင်ခဲ့ခြင်းဖြစ်ပြီး MTX-1A လေယာဉ်အား Cockpit Flight Display System၊ Communication & Navigation System တို့ကို Design ထုတ်လုပ်၍ System Integration ပြုလုပ်တပ်ဆင်ကာ ၂၀၂၁ ခုနှစ် မတ်လ ၂၅ ရက်နေ့တွင် အောင်မြင်စွာ စမ်းသပ်ပျံသန်းနိုင်ခဲ့သည်။

MTX-1A လေယာဉ်ထုတ်လုပ်မှုအတွေ့အကြုံများကို အခြေခံ၍ ပိုမိုခေတ်မီအဆင့်မြင့်သည့် MTX-1B လေယာဉ်အား တပ်မတော်(လေ)မှ အရာရှိ၊ စစ်သည်များက အဆင့်မြင့် Cockpit Display များ၊ ဆက်သွယ်ရေးစနစ်များနှင့် ကိုယ်ထည်ပိုင်းဆိုင်ရာ အဆင့်မြှင့်တင်မှုများပြုလုပ်ကာ ထပ်မံဆန်းသစ်တီထွင် ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။

လေယာဉ်ထုတ်လုပ်မှု ရည်ရွယ်ချက်များအတိုင်း လေယာဉ်ကိုယ်ထည်ပိုင်း၊ လျှပ်စစ်နှင့် အင်ဂျင်အပိုင်း၊ လေကြောင်းလမ်းပြစနစ်၊ ဆက်သွယ်မှုစနစ်များနှင့်

**စာမျက်နှာ ၁၁ သို့** ☆

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing attends 77th Founding Anniversary of Tatmadaw (Air) and commissioning ceremony of aircraft



Senior General Min Aung Hlaing accepts miniature models of aircraft and helicopters from General Tun Aung.



Senior General Min Aung Hlaing sprinkles scented water on an aircraft.

NAY PYI TAW December 15

The commissioning ceremony of air planes and helicopters to increase the air power of Tatmadaw and the nation marking the 77th Founding Anniversary of Tatmadaw (Air) of the Republic of Union of Myanmar was held at Aviation Training School in Meiktila Station this morning, graced by Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing.

Also present were Daw Kyu Kyu Hla, wife of the Senior General, Chief of General Staff (Army, Navy and Air) General Maung Maung Aye and wife, retired commanders-in-chief (Air) and wives, Commander-in-Chief (Navy) Vice-Admiral Htain Win and wife, Commander-in-Chief (Air) General Tun Aung and wife, union level officials and wives, union ministers and wives, the Mandalay Region Chief Minister and wife, senior military officers from the Office of the Commander-in-Chief and wives, the Central Command commander, air base commanders, war veterans, students and honoured guests.

In his address, the Senior General said today marks the 77th Founding Anniversary of Tatmadaw (Air). On such auspicious days, air planes and helicopters were commissioned into service to enhance air power in shouldering the national defence duties. Hence, it is an honourable day for the nation, Tatmadaw and Airforce.

The Air Force has already held aircraft commissioning ceremonies for 14 times. Today, the commissioned aircraft will be transferred to the Airforce. The reinforcement of new aircraft enhances the performance of the Air Force, the essential part of its military campaigns and aerial missions, as well as its fighting ability and combat power.

A study of the modern-day battles and armed conflicts all over the world indicates the pivotal role of aerospace power for battle victory. It is visible that air superiority can

See Page - 21►►



Photo shows the commissioned aircraft and helicopters.

►► From Page - 21

formation, flying straight ahead in a split-winged pattern; One trainer aircraft, one multirole fighter jet, and one post-4th generation multirole heavy fighter jet, representing three types of aircraft in different sizes and flight speeds, flew in a composite arrowhead formation and saluted the Senior General.

Then, a fighter jet conducted a high speed flight at 900 kilometre per hour and the zoom climb maneuver featuring an upward vertical flight while a 4th generation multi-role heavy fighter SU-30 SME performed the oblique loop maneuver, dodging possible enemy air defence weapon fires by turning left or right and reappearing at the back of enemy aircraft, the multi-roll flight to deceive enemy aircraft and the high AOA loop, which cannot be performed by an ordinary fighter jet, and reappearing from the backward before firing rockets.

Then, birds were released for life saving donations to mark the 77th Anniversary of the air force and the Senior General and party released 77 birds before sprinkling scented water on newly commissioned aircraft. Afterwards, the Senior General and party inspected the aircraft and posed for documentary photographs.

Afterward, the Senior General greeted the pilots, who participated in the fleet demonstration, and presented cash rewards to them.

The MTX-1A and MTX-1B, which participated in the commissioning ceremony today, were reconnaissance aircraft developed by officers and other ranks of the air force. They were produced on a trial basis with the aim of gaining experience in production of aircraft by using the reverse engineering techniques. The designs for the cockpit flight system and the communication and navigation system of the MTX-1A were produced and the system integration was carried out before test flights were conducted successfully on 25 March, 2021.

Based on experience gained from production of MTX-1A, officers and other ranks of the air force produced MTX-1B by upgrading the cockpit display system, the communication system and the fuselage.

The aircraft were produced by de-signing the fuselage, electric and engine parts, the navigation system, the communication system and the control system. During the production process, functional and operational tests were conducted at every stage and MTX-1B with turboprop engines and the glass cockpit system were produced. Test flights for the aircraft were successfully conducted in March, 2024.

In the evening of 14 March, the Senior General and party observed the exhibition commemorating the 77th Anniversary of the air force and the commissioning ceremony. The exhibition displayed the history of the air force, uniforms used by the air force in successive eras, photographs depicting the history of the air force, documentary photographs of commanders-in-chief of the air force, historic aircraft and battles they fought, avionics equipment used in aircraft, miniatures of new generation aircraft and equipment used by pilots, weapons and ammunition used by the air force, photographs of air force personnel who won medals for the their capabilities, photographs of commissioning ceremonies of aircraft, documentary photographs of training for officers, other ranks and substitutes of air force, photographs depicting the international relations and development of the air force, photographs of prize presentation ceremonies for pilots by commanders-in-chief and aviation electronic equipment produced by the air force.

Then, the Senior General and wife and party signed the commemorative book of the 77th Anniversary of the air force and inspected shops selling souvenirs, traditional food, books and consumer products manufactured by respective air force bases before cordially greeting officers, other ranks and families. **100**



Senior General Min Aung Hlaing presents cash rewards for pilots who participated in fleet demonstration.

# State Administration Council

# Press Release

# Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

**3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**

**State Administration Council**

# UN envoy hopes for Syria's swift recovery after Assad's ouster

DAMASCUS December 15

UN Special Envoy for Syria Geir Pedersen said Sunday that the UN is closely monitoring the rapidly evolving situation in the country and is looking forward to the next steps toward a political transition following the ouster of former President Bashar al-Assad on December 8.

Speaking to reporters in Damascus, Pedersen emphasized the importance of Syrian state institutions fully resuming their functions under secure conditions.

"We are working with all segments of the Syrian people and we want to see no acts of revenge. Instead, we must ensure that institutions return to work, backed by the necessary security measures," he said.

The UN envoy expressed hope that the removal of sanctions on Syria would be expedited, paving the way for a swift start to the nation's economic recovery.

"We hope to see a quick end to sanctions so that the recovery process can begin soon," Pedersen added.

While acknowledging the complexity of the political landscape, Pedersen urged all parties to maintain calm, focus on rehabilitation, and prioritize the welfare of ordinary Syrians. He affirmed the UN's commitment to supporting a stable and inclusive transition that avoids further violence and ensures a better future for the country.

On Sunday, some students started to return to classrooms in the Syrian capital for the first time since December 8. Universities also reopened their doors, with some administrative staff and professors returning to their offices.

The resumption of classes and academic work, albeit limited, marks a gradual resumption of daily life after a period of upheaval.

**Xinhua**

# Netanyahu pushes Golan Heights expansion plan amid regional tensions



TELAVIV December 15

Israeli Prime Minister Benjamin Netanyahu's government has unanimously approved a plan for the development of the Golan Heights, including strengthening local settlements and doubling the population in the region, the Prime Minister's Office said on Sunday.

"The government unanimously approved Prime Minister Benjamin Netanyahu's plan to promote demographic growth in the settlements in the Golan Heights and Katzrin, with a total budget of more than 40 million shekels [US$-11 million]," the statement read.

The office also said that in light of the ongoing conflict and the recent opening of a new front in Syria, Netanyahu had submitted the first amendment to his plan to promote demographic growth in the Golan due to the "desire to double the population of the Golan Heights." **Sputnik**

# What is the new Russian Kalinka system that threatens to put Starlink in Ukraine out of commission?



MOSCOW December 15

Kalinka is a new Russian monitoring system developed by the Center for Unmanned Systems and Technologies (CBST), designed to detect and locate signals emitted by satellite communication stations such as Elon Musk's famous Starlink.

The new system can help quickly detect and target Starlink terminals because the basic principles of radio signal transmission have not changed since the invention of radio, says Andrey Bezrukov, chairman of the CBST board.

According to Bezrukov, not even the use of Starshield, a militarized version of Starlink, by Ukrainian troops would hide their communication terminals from Kalinka's gaze.

Kalinka's detection range is primarily determined by the terrain in the search area and by the use of other electronic systems by the enemy.

Regarding the time it would take to press Kalinka into mass production, Bezrukov says that it all depends on the demand from Russian forces operating in the conflict zone.

**Sputnik**

# Russian Intelligence Chief calls Trump's nominee for CIA head 'Professional'

MOSCOW December 15

Russian Foreign Intelligence Service (SVR) Director Sergei Naryshkin has told Sputnik that he has not personally met former Director of US National Intelligence John Ratcliffe, but knows of him as of a professional.

"No, I do not know him, but I know that he is a professional person. So, we are waiting for a decision," Naryshkin said.

Earlier John Ratcliffe was picked by US President-elect Donald Trump to head the Central Intelligence Agency.

**Sputnik**

# U.S. Louisiana Christmas parade shooting injured woman, child

HOUSTON December 15

A woman and a child were injured after gunshots rang out during a Christmas parade on Saturday night in downtown Baton Rouge, the capital city of the southern U.S. state of Louisiana.

Hundreds of people were exiting the downtown area after the gunfire took place around 7:15 p.m. Saturday local time (0115 Sunday GMT), according to a report from local media outlet WAFB.

The Baton Rouge Police Department said at least 20 rounds were fired. Investigators believe the shooting stemmed from an argument involving people hanging out on the levee who were not associated with the parade.

A woman, an innocent bystander, was shot in the back, and a child running for safety was hit by an all-terrain vehicle, police said. Their injuries are reportedly non-life threatening.

No arrests have been made at this time, according to local media. **Xinhua**

# Chinese automaker Chery launches new model in Israel

JERUSALEM December 15

Chinese carmaker Chery began selling a new model in Israel on Sunday, as announced by its official Israeli dealership, Freesbe.

The new model, Arrizo 8, is a plug-in hybrid mid-size sedan equipped with a 1.5-liter turbine engine. It can accelerate from 0 to 100 km/h in 7.8 seconds and reach a top speed of 185 km/h, with a pure electric range exceeding 100 km.

Chery entered the Israeli market in November 2022 and has since offered the gasoline-powered crossover models Tiggo 7 Pro, Tiggo 8 Pro, and FX, also known as the Omada 5.

In January this year, the company launched its first full-electric model in Israel, the compact crossover SUV FX EV, an electric version of FX.

According to data from the Israel Vehicle Importers Association, Chery ranks seventh in Israel's car sales chart for the first 11 months of 2024, with 12,214 units sold.

Between January and November, the carmaker ranked fourth in Israel's electric car sales chart with 4,410 units sold, following China's BYD Auto, U.S. carmaker Tesla, and China's MG Motor.

**Xinhua**

▶▶ From Page - 18

control and crush the enemy and raise the morale and fighting capacity of their own troops. In this regard Tatmadaw (Air) must always keep in touch with the latest developments and adapt to the changes.

Members of the Air Force are required to be well trained to fully utilize the power of aircraft and weapon systems. As a single training session is not adequate for handling the ever-advancing technology, Air Force members must follow the process of constant studying, training and compliance. Today, rivalry between powers is increasing, followed by the attempts to interfere in the multiple sectors of small countries, and the occurrence of territorial disputes, terrorist attacks, and internal instability all over the world.

In reflecting on the history of the Tatmadaw (Air), it is evident that, despite numerous challenges, they persevered their efforts to achieve their objectives with the aircraft and weapons at their disposal, motivated by a deep love for their country, patriotism, and unwavering determination. It is important to emphasize the value of preserving and upholding these noble and honorable traditions, ensuring that they are passed down to future generations.

The Tatmadaw (Air) must continue to play an active role in the national defense, nation-building, and development efforts undertaken by the Tatmadaw. It is crucial to value and maintain the aircraft including helicopters currently commissioned into service, thereby enhancing the honor of the Tatmadaw. Furthermore, he urged the Tatmadaw to work diligently in building a modern air force that is capable of effectively safeguarding the nation.

Following this, Commander-in-Chief (Air) General Tun Aung expressed his gratitude for the aircraft commissioned into service. Chief of Staff (Air) Lt-Gen Zaw Win Myint then officially declared the aircraft and helicopters commissioned into service.

Afterward, General Tun Aung presented miniature models of aircraft and helicopters to the Senior General.

Subsequently, airplanes and helicopters conducted a demonstration flight salute and aerobatic display. As part of the synchronized flight salute program, two transport helicopters hoisted the national flag and the military flag, while two light transport helicopters flew in formation to salute the Senior General.

Four light transport helicopters flew in a composite box formation of different types; Two reconnaissance aircraft and one trainer aircraft, developed and tested by the Tatmadaw (Air), flew in a composite trail formation of different types; One transport aircraft and two medium transport aircraft flew in a composite arrowhead formation of different types; Three jet fighters flew in the composite trail formation, emitting yellow, white, and blue smoke representing the Tatmadaw (Air); Two interceptor aircraft and two multirole fighter jets flew in a composite box formation of different types; Three fighter jets flew in a composite arrowhead

See Page - 19▶▶




Senior General Min Aung Hlaing inspects an aircraft.



Senior General Min Aung Hlaing inspects an aircraft.



Senior General Min Aung Hlaing views documentary photos on Air Force history.

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများ ကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က အမျိုးသမီးFitness Physique ပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းက အမျိုးသမီး ၁၆၀ စင်တီမီတာအထက် Model Physique ပြိုင်ပွဲတွင်ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်အား ဆုပေးအပ်ချီးမြှင့်စဉ်။



စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်က အမျိုးသား ၁၇၀ စင်တီမီတာအထက် Sport Physique ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်မှ ပြိုင်ပွဲဝင်အား ဆုပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၅**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့်ပြိုင်ပွဲ ပွဲစဉ်များ၏ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများကို ယနေ့တွင် နေပြည်တော်ရှိ သက်ဆိုင်ရာ အားကစားကွင်းနှင့်အားကစားရုံများ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများချီးမြှင့်ကြသည်။

ဦးစွာ ၂၀၂၄ ခုနှစ်ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ကာယဗလနှင့် ကာယကြံ့ခိုင်မှု ပြိုင်ပွဲ ပွဲစဉ်များကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် မန်းငြိမ်းမောင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင် ဝန်ကြီးများ၊ မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် **ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့် ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ** ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညီညီက အမျိုးသား (၇၀) ကီလိုအထိ ကာယဗလပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးဌေးအောင် က အမျိုးသား (၇၅) ကီလိုအထိ ကာယဗလပြိုင်ပွဲတွင် ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့်ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့်ဧရာဝတီတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ မွန်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးစောကြည်နိုင်က အမျိုးသား(၇၅)ကီလိုအထက် ကာယဗလပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့်ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့်အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးတင်ထွန်းက အမျိုးသား(၁၇၀)စင်တီမီတာ အထိ Sport Physique ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်က အမျိုးသား (၁၇၀) စင်တီမီတာအထက် Sport Physique ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်၊ ဒုတိယဆုရရှိသည့်ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ချင်းပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်က အမျိုးသမီး (၁၆၀) စင်တီမီတာအထိ Model Physique ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့်မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းက အမျိုးသမီး (၁၆၀) စင်တီမီတာအထက် Model Physique ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က အမျိုးသမီး Fitness Physique ပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့်ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့်အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

အလားတူ **ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ** ဆုချီးမြှင့်ပွဲအခမ်းအနားကို ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးကျော်မျိုးထွဋ်က အမျိုးသားလုံတံပစ်ပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုရရှိသည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား မီတာ(၁၁၀)တန်းကျော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်း၊ ဒုတိယဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်ဦးမြင့်သိန်းက အမျိုး သားကြိုးတပ်သံလုံးပစ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသမီးကြိုးတပ်သံလုံးပစ်ပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်ဦးခင်မောင်ဦးက အမျိုးသားတန်းမြင့်ခုန် ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့်ပြည်ထဲရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသားမီတာ(၂၀၀) အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့မှပြိုင်ပွဲဝင်များကို လည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အားပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက်ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက အမျိုးသမီး မီတာ(၂၀၀) အပြေးပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသမီး မီတာ(၄၀၀)လက်ဆင့်ကမ်းအပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က အမျိုးသားမီတာ(၄၀၀) လက်ဆင့်ကမ်းအပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသမီး တန်းမြင့်ခုန်ပြိုင်ပွဲတွင် ပထမဆုရရှိသည့်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင် များကိုလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့်အမျိုးသား အားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် အားကစားနည်းများအလိုက် ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများကို ဒီဇင်ဘာလ ၁၆ ရက်တွင် သက်ဆိုင်ရာအားကစားရုံများနှင့်အားကစားကွင်းများ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

ENERGY

## ကမ္ဘာကြီးကို နှစ်ပေါင်း ၁၀၀၀ ကျော်ကြာ စွမ်းအင်ပေးနိုင်မယ့် ဟိုက်ဒရိုဂျင်ဓာတ်ငွေ့များ

ကျွန်တော်တို့နေထိုင်ရာကမ္ဘာကြီးရဲ့ မျက်နှာပြင်အောက်မှာ ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ပမာဏ မြောက်မြားစွာတည်ရှိနေပါတယ်။ ပမာဏအားဖြင့်ပြောရမယ်ဆိုရင် တန်ချိန်ထရီလီယံပေါင်းများစွာပါ။

အဲဒီဟိုက်ဒရိုဂျင်တွေက မြေအောက်ဓာတ်ငွေ့သိုက်များနဲ့ ကျောက်တွေကြားထဲမှာတည်ရှိနေတာဖြစ်ပြီး တန်ချိန်က ၆ ဒသမ ၂ ထရီလီယံတန်အထိရှိနိုင်တယ်ဆိုပြီး သုတေသီတွေကခန့်မှန်းထားကြတာဖြစ်ပါတယ်။

အကယ်၍ အဲဒီလောက်အထိများပြားတဲ့ဟိုက်ဒရိုဂျင်ဓာတ်ငွေ့တွေထဲက အနည်းငယ်မျှသောပမာဏကိုထုတ်ယူအသုံးပြုမယ်ဆိုရင်တောင်မှ ကျွန်တော်တို့ကမ္ဘာကြီးက ဆယ်စုနှစ်ပေါင်း ၂၀ လောက်အထိကို ရုပ်ကြွင်းလောင်စာများအပေါ် မှီခိုမှုကင်းမဲ့စွာနဲ့နေထိုင်နိုင်မယ်လို့ သူတို့က ဆိုပါတယ်။

ဒါကြောင့် လက်ရှိအချိန်အထိတွေ့ရှိရသမျှသောဟိုက်ဒရိုဂျင်ဓာတ်ငွေ့တွေကို အသုံးပြုမယ်ဆိုရင် ကျွန်တော်တို့ကမ္ဘာကြီးမှာ နှစ်ပေါင်း ၁၀၀၀ ကျော်ကြာတဲ့အထိ အလင်းရောင်နဲ့စွမ်းအင်တွေရရှိစေမယ်လို့သုတေသီများကဆိုပါတယ်။ ကမ္ဘာကြီးရဲ့ ဘူမိဓာတုဖြစ်စဉ်များကနေဖြစ်ပေါ်လာတဲ့ ဟိုက်ဒရိုဂျင်ဓာတ်ငွေ့များက မိမိတို့လိုအပ်နေတဲ့ စွမ်းအင်အရင်းအမြစ်ကြီးပါပဲ။

Ref: IE

K.H



## ပုံမှန်ထက်သာလွန်တဲ့စွမ်းအင်အတွက် အာမခံပေးမယ့် ထုလုံးပုံလီသီယမ်ဘက်ထရီ

တရုတ်နိုင်ငံမှ Ampace ဆိုတဲ့ကုမ္ပဏီက "မရပ်မနားအလုပ်လုပ်ပြီး ကျစ်ကျစ်လျစ်လျစ်နဲ့ စွမ်းအင်အပြည့်ရစေရမယ်" ဆိုတဲ့ သူတို့ကုမ္ပဏီရဲ့အာဘော်နဲ့အညီပဲ ဘက်ထရီအမျိုးအစားအသစ်တစ်မျိုးကို ထုတ်ဖော်မိတ်ဆက်လိုက်ပါပြီ။

အဲဒီဘက်ထရီအမျိုးအစားက JP30 ဖြစ်ပြီး ထုလုံးပုံစံလီသီယမ်ဘက်ထရီဖြစ်ပါတယ်။ ကုမ္ပဏီရဲ့ထုတ်ပြန်ချက်အရဆိုရင် အဲဒီဘက်ထရီက အရွယ်အစားအားဖြင့် ကျစ်ကျစ်လျစ်လျစ်ဖြစ်ပေမယ့် စွမ်းဆောင်ရည်ပိုင်းမှာတော့ သူမတူအောင်စွမ်းဆောင်ပေးနိုင်မယ်လို့ ဆိုပါတယ်။

ဒါ့အပြင်အချက်အလက်နဲ့ပတ်သက်လို့ပြောရမယ်ဆိုရင်လည်း တကယ့်ကိုပဲခေတ်ရှေ့ကိုခုန်ပျံကျော်လွှားသလိုမြင့်မားလာတာတွေ့ရပါတယ်။ အဲဒီအချက်အလက်တွေထဲမှာ စွမ်းအင်ထွက်ရှိမှုပမာဏ၊ အားသွင်းနိုင်တဲ့စွမ်းရည်၊ ဘက်ထရီသက်တမ်းနဲ့ နည်းပါးတဲ့အပူချိန်မှာအလုပ်လုပ်နိုင်စွမ်းတို့ပါဝင်ပါတယ်။

လက်ရှိအချိန်မှာ သမားရိုးကျလီသီယမ်ဘက်ထရီတွေက သူ့ကိုအသုံးပြုမှုအပေါ်မှာ ဘေးထွက်ဆိုးကျိုးတွေနဲ့ ဘေးအန္တရာယ်ဖြစ်နိုင်ခြေတွေများစွာရှိနေပါတယ်။ အခုထုလုံးပုံလီသီယမ်ဘက်ထရီတွေကျတော့ သမားရိုးကျတွေထက် အားသွင်းတဲ့နေရာမှာလည်းပိုမြန်သလို ဘေးကင်းစိတ်ချရမှုအပိုင်းမှာလည်း များစွာသာလွန်တာကို တွေ့ရတယ်လို့ Ampace ကုမ္ပဏီကထုတ်ပြန်ထားပါတယ်။

Ref: IE

K.H




MILITARY

## တရုတ်က အနာဂတ်စစ်ပွဲအတွက် တိုက်လေယာဉ်မှူးများကို ရှေးဟောင်းနည်းလမ်းတစ်မျိုးဖြင့်လေ့ကျင့်ပေးနေ



တရုတ်လေတပ်က သူတို့ရဲ့ထူးချွန်လှတဲ့ တိုက်လေယာဉ်မှူးတွေကို အနာဂတ်အဆင့်မြင့်စစ်ပွဲအတွက် လေ့ကျင့်မှုတွေပေးနေပါတယ်။ သာမန်လေ့ကျင့်မှုတော့ မဟုတ်ပါဘူး။ တရုတ်နိုင်ငံရဲ့နှစ်ပေါင်း ၁၀၀၀ ကျော်ကြာမြင့်နေပြီဖြစ်တဲ့ ရှေးဟောင်းနည်းလမ်းတစ်မျိုးနဲ့ လေ့ကျင့်မှုပေးနေတာပါ။ အဲဒီနည်းလမ်းကို ချီကုန်းလို့ခေါ်ပါတယ်။

အဓိကကတော့ တရုတ်လိုမျိုးချီဓာတ်လို့ခေါ်တဲ့ ခန္ဓာကိုယ်ရဲ့စွမ်းအင်ကိုအသုံးချပြီး ကြွက်သားတွေတိုးတက်လာစေဖို့ လုပ်ဆောင်တာဖြစ်ပါတယ်။ ဒီနည်းလမ်းထဲမှာ အသက်ရှုခြင်း၊ လှုပ်ရှားခြင်းနဲ့ သတိနဲ့မှတ်ခြင်းတို့ပါဝင်ပါတယ်။

အဲဒီလိုနည်းလမ်းကိုအသုံးပြုပြီးလေ့ကျင့်မှုပြုလုပ်တဲ့အတွက် တိုက်လေယာဉ်မှူးများရဲ့ ပင်မကြွက်သားများဟာသာမန်ထက် ၁၅ ရာခိုင်နှုန်းပိုမိုသန်မာလာတာကိုတွေ့ရပါတယ်။

Ref: IE

K.H

## အမေရိကန်ရဲ့ အဆင့်မြင့်ဆုံးနဲ့ ဈေးအကြီးဆုံး စစ်သင်္ဘော



အမေရိကန်ရေတပ်ရဲ့ အဆင့်မြင့်ဆုံးနဲ့ ဈေးအကြီးဆုံး စစ်သင်္ဘောအမျိုးအစားက San Antonio ဘက်စုံသုံးစစ်သင်္ဘောပါပဲ။ အဓိကအားဖြင့် ကမ်းထိုးစစ်ရေယာဉ်တစ်မျိုးဖြစ်တဲ့ San Antonio ကို စစ်သည်တွေ၊ ဝန်စည်စလယ်တွေကို ပို့ဆောင်ပေးဖို့ အဓိကအသုံးပြုနေတာပါ။

တန်ချိန် ၂၅၀၀၀ ကျော်ရှိတဲ့ ဒီသင်္ဘောတွေက မရိန်းတပ်ဖွဲ့ဝင် ၇၀၀ ကို သူတို့ရဲ့ချပ်ဝတ်တန်ဆာတွေ၊ စစ်သုံးပစ္စည်းတွေနဲ့အတူ သယ်ဆောင်နိုင်ပါတယ်။ သူ့ရဲ့နောက်ပိုင်းမှာ ရဟတ်ယာဉ်များဆင်းသက်ရပ်နားဖို့ကွင်းတစ်ခုပါဝင်တဲ့အပြင် ဝမ်းဗိုက်ထဲမှာလည်း ကမ်းတက်ယာဉ်လိုမျိုးတခြားစစ်လက်နက်ပစ္စည်းတွေကို တင်ဆောင်နိုင်ပါသေးတယ်။

ရေယာဉ်တစ်စင်းကိုတည်ဆောက်မှုအတွက် ဒေါ်လာသန်း ၈၉၀ ခန့်မှန်းထားပေမယ့်လည်း လက်တွေ့မှာတော့ ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံကုန်ကျခဲ့တဲ့အတွက် ဈေးအကြီးဆုံးသော စစ်ရေယာဉ်တစ်မျိုးဖြစ်လာတာဖြစ်ပါတယ်။

Ref: IE

K.H

## တစ်နာရီမိုင် ၂၀၀ နှုန်းနဲ့ရန်သူ့ဒရုန်းများကိုတိုက်ခိုက်မယ့် CobraJet

ကော်လိုရာဒိုပြည်နယ်မှာအခြေစိုက်တဲ့ SkyDefence ကုမ္ပဏီက CobraJet ဆိုတဲ့ မျိုးဆက်သစ်မောင်းသူမဲ့လေယာဉ်တစ်မျိုးကို ထုတ်ဖော်မိတ်ဆက်လိုက်ပါတယ်။ အဲဒီမောင်းသူမဲ့လေယာဉ်က ရန်သူ့ဒရုန်းတွေကို အလွန်မြန်ဆန်တဲ့အမြန်နှုန်း၊ အလွန်ကောင်းမွန်တဲ့တိကျမှုတို့နဲ့အတူ ကြားဖြတ်တိုက်ခိုက်နိုင်မှာပါ။



ဒေါင်လိုက်အတက်အဆင်းလုပ်နိုင်တဲ့ CobraJet မောင်းသူမဲ့လေယာဉ်က ပုံစံအားဖြင့် F-35B လိုမျိုးဖြစ်ပါတယ်။ သူ့မှာ VIPER ဆိုတဲ့ ဝေဟင်မှဝေဟင်ပစ်ဒုံးများ၊ PYTHON ဆိုတဲ့ ဓာတ်လိုက်စေသောကိရိယာများတပ်ဆင်ထားပါတယ်။

AI နည်းပညာကိုပါပေါင်းစပ်အသုံးပြုထားတဲ့အပြင် လျှပ်စစ်စွမ်းအင်သုံးဂျက်အင်ဂျင်ပါဝင်တဲ့အတွက် တစ်နာရီကိုမိုင် ၂၀၀ နှုန်းနဲ့ ရန်သူ့ဒရုန်းများကိုတိုက်ခိုက်နိုင်မှာဖြစ်ပါတယ်။

Ref: IE

K.H

# တက္ကသိုလ်များဆေးရုံ(ရန်ကုန်)တွင် သွားနှင့်ခံတွင်းလူနာများနှင့် မျက်စိရောဂါလူနာများကုသပေးမှုကို ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း ကြည့်ရှုအားပေး၊ ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီး၏ လေးထပ်ကုသဆောင်သစ်အား ကြည့်ရှုစစ်ဆေး



**ရန်ကုန် ဒီဇင်ဘာ ၁၅**


ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် ယမန်နေ့နံနက်ပိုင်းက တက္ကသိုလ်များဆေးရုံ(ရန်ကုန်)သို့ သွားရောက်၍ တက္ကသိုလ် ဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူများနှင့် အများပြည်သူများအတွက် သွားနှင့်ခံတွင်းဌာန ဖွင့်လှစ်ကုသနေမှုကို သွားရောက်ကြည့်ရှုပြီး ရန်ကုန်တိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့အစီအစဉ်ဖြင့် ဖိတ်ခေါ်ထားရှိသည့် သက်ကြီးရွယ်အို ၂၉ ဦး၊ တက္ကသိုလ်ပေါင်းစုံမှ အငြိမ်းစားတက္ကသိုလ် ဆရာ၊ ဆရာမ၊ ဝန်ထမ်းမိသားစုများ ၁၅ ဦး စုစုပေါင်း ၄၄ ဦးကို အံကပ်များတပ်ဆင်ပေးနေမှု ကြည့်ရှုအားပေးသည်။

ထို့နောက်ပြည်သူလူထုအခြေပြုပဏာမမျက်စိကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်ဖြင့် မျက်စိအတွင်းတိမ် လူနာ ၁၅ ဦးကို တက္ကသိုလ်များဆေးရုံ(ရန်ကုန်)တွင် ဖွင့်လှစ်ထားသည့် မျက်စိခွဲစိတ်ကုသဆောင်၌ ခွဲစိတ်ကုသနေမှုများကို လှည့်လည်ကြည့်ရှုပြီး ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်မော်မော်သန်း၊ ဥက္ကဋ္ဌ ဒေါ်နုနုဆွေနှင့် အဖွဲ့ဝင်များနှင့်အတူ ခွဲစိတ်ပြီးလူနာများကို မျက်မှန်နှင့် အာဟာရပြည့်စားသောက်ဖွယ်ရာများ လှူဒါန်းသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တက္ကသိုလ်များဆေးရုံ(ရန်ကုန်)၏ပြင်ပလူနာဌာန၊ ခတ်ခွဲခန်း၊ ခွဲစိတ်ခန်း၊ ဆေးကုသဆောင်နှင့် အထူးကုပြင်ပလူနာဌာန အဆောက်အအုံများကို လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များမှာကြားသည်။

ထို့နောက် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးသို့သွားရောက်၍ ဆေးရုံဝင်းအတွင်း အသစ်တည်ဆောက်ပြီးစီးထားသည့်လေးထပ်ကုသဆောင်သစ်အဆောက်အအုံအတွင်း အခန်းများဖွဲ့စည်းထားရှိမှုနှင့် အသုံးပြုမည့်အစီအစဉ်တို့ကို အထပ်လိုက် လိုက်လံစစ်ဆေးပြီး အဆောက်အအုံသစ်အတွင်း အခန်းများနေရာချထားမှုနှင့်ပတ်သက်၍ အသေးစိတ်ဆွေးနွေးမှာကြားသည်။

အဆိုပါအဆောက်အအုံသည် ၁၈၂ ပေ x ၆၄ ပေ လေးထပ် RC အဆောက်အအုံဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာန အဆောက်အဦအထူးအဖွဲ့(၁)က တာဝန်ယူဆောက်လုပ်ခဲ့ကာ ကျန်းမာရေးဝန်ကြီးဌာန ရန်ပုံငွေစုစုပေါင်းငွေကျပ် ၂၁၁၆ ဒသမ ၆၆၄ သန်း ကုန်ကျခံဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**




## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၀˚c | / | ၂၉˚c |
| ရန်ကုန် | ၂၁˚c | / | ၃၁˚c |
| မန္တလေး | ၁၉˚c | / | ၃၀˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ | အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့်**
**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ DCS လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှမြန်မာနိုင်ငံရှိ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**


ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား
MALTA FRESH
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


""ဒေအးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း""
နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်၊
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၈၆၄၆
STARMART Nay Pyi Taw
ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
NAY PYI TAW
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄


SIN MINN
အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ
ISO 9001
BUREAU VERITAS Certification
UKAS
BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
SIN MINN
SIN MINN
BEST QUALITY
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ
ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၈၆၉၉၃၅၈၁၃၊ ၀၉ ၇၉၆၁၁၁၅၅၅၉၊ email : scfg.kyaukse@gmail.com


Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ
AWARDED TROPHY
BY THE WORLD'S BEST BEER JUDGES
THE INTERNATIONAL BEER CHALLENGE 2020

# ဆောင်းရာသီဓာတ်စာ ထန်းပင်မြစ်နှင့်ကျန်းမာရေး

ထန်းပင်မြစ်ကို တချို့အရပ်ဒေသတွင် ထန်းမြစ်ဟုလည်းကောင်း၊ တချို့က ထန်းပင်ပေါက်ဟုလည်းကောင်း ခေါ်ကြသည်။ ရုက္ခဗေဒအမည်မှာ Palmyra sprout (Palmyra Tuber) ဖြစ်သည်။ တမီလ်လူမျိုးများက dhavanai ဟုခေါ်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများက ထန်းပင်မြစ်ကို အစိမ်းလိုက်စားကြသည်။ အိန္ဒိယနိုင်ငံရှိ လူကြိုက်များသော အစားအစာအမျိုးအစားများထဲတွင် ထန်းပင်မြစ်လည်း တစ်ခု အပါအဝင်ဖြစ်သည်။ ထန်းပင်မြစ်သည် အညာဒေသထွက်စားစရာတစ်မျိုးဖြစ်သည်။ ချိုသော ဝက်မြေစာဥအရသာနှင့်ဆင်တူသည်။ သို့သော် ထန်းပင်မြစ်က စိမ့်သက်သောအရသာရှိသည်။ ရင့်သောထန်းပင်မြစ်က စေးထန်းကာ အရသာပိုကောင်းသည်။ ထန်းပင်မြစ်၏အတွင်းထဲတွင် နောင်အရွက်ဖြစ်လာမည့် အညွန့်လောင်းလေးများပါရှိသည်။



**- ထန်းပင်မြစ်သည် လူတို့၏ခန္ဓာကိုယ်အတွက် လိုအပ်သော ဗီတာမင် B ဓာတ်ပေါင်းစုအပြင် အဆီဓာတ်နှင့်ပရိုတင်းဓာတ်များလည်း ပါရှိသည်။**

**- ထန်းပင်မြစ်သည် အမျှင်ဓာတ်ကြွယ်ဝစွာပါရှိ၍ အစာခြေစနစ်ကို တိုးတက်ကောင်းမွန်စေကာ ဝမ်းချုပ်ခြင်းမှလည်း ကာကွယ်ပေးသည်။**

**- ထန်းပင်မြစ်သည် ခန္ဓာကိုယ်တွင်းအပူဓာတ်ကို လျှော့ချပေးနိုင်သည်။**

### ထန်းပင်မြစ်စိုက်ပျိုးနည်း

ထန်းပင်မြစ်များကို သီးခြားစိုက်ယူမှသာ ရရှိနိုင်သည်။ စိုက်ပျိုးရာတွင်လည်း ရင့်မှည့်သောထန်းသီး၏အစေ့မှသာလျှင်အညှောက်ပေါက်နိုင်သည်။ ထန်းသီးစေ့အညှောက်သည် ထန်းပင်မြစ်အဖြစ် မြေကြီးထဲစိုက်ဝင်သွားပြီး ထန်းရွက်နုလေးများမပေါ်မီ အခြေအနေဖြစ်သည်။ ထန်းပင်မြစ်စိုက်ရာတွင် ထန်းစေ့တစ်စေ့ချင်းမဟုတ်ဘဲ ပဲညှောက်ဖောက်သကဲ့သို့ အစုလိုက်အပြုံလိုက်ချခြင်းဖြစ်သည်။ ထန်းပင်စိုက်ပျိုးသူများသည် ထန်းသီးအရင့်များကိုခူး၍ အကာကိုနွားစာအဖြစ်ကျွေးကာ အစေ့ကိုထန်းပင်မြစ်အဖြစ် စိုက်ပျိုးကြသည်။ ထန်းပင်မရှိသူများက အသီးများကို ပင်ပြတ်ဝယ်ယူကြပြီး ကျွေးကျသည့်အသီးများကို ကောက်ယူ၍ ထန်းပင်မြစ်စိုက်ကြသည်။ ထန်းသီးအရင့်များကို ဩဂုတ်လတွင် မြေကျင်းအနည်းငယ်တူးပြီး သီးသန့်စိုက်ရပြီး နိုဝင်ဘာလခန့်တွင် စတင်တူးဖော်နိုင်ပြီဖြစ်ရာ ထန်းပင်မြစ်ကို ဆောင်းရာသီဓာတ်စာအဖြစ် လူသိများကြသည်။

စိုက်ပျိုးမည့်မြေသည် သဲမြေဖြစ်ပြီး စိုစွတ်နေရမည်။ သို့မှသာ စိုက်ပျိုးရာတွင်လည်းကောင်း၊ တူးဖော်ရာတွင်လည်းကောင်း လွယ်ကူမည်ဖြစ်သည်။ မြေသားမြေနီများတွင်စိုက်ပျိုးပါက ထန်းပင်မြစ်ဖြစ်ထွန်းမှုနည်းပြီး တူးဖော်ရာ၌လည်း ခက်ခဲတတ်သည်။ သို့သော် တချို့အရပ်ဒေသတွင် ရေမြေသဘာဝအရ ရွှံ့စနယ်မြေများတွင် စိုက်ကြရသည်။ ယင်းစနယ်မြေများကပ်နေသောထန်းပင်မြစ်များက သဲဆန်သောမြေတွင် စိုက်ပျိုးသော ထန်းပင်မြစ်ထက် စေးပိုင်ပြီး အရသာပိုကောင်းသည်။ ရွှံ့ကပ်နေသောထန်းပင်မြစ်ကိုဒေသခေါ် ရုက္ခစိုးမျိုးဟု ခေါ်ကြသည်။

ထန်းပင်အများစုက ထန်းသီးစေ့မှ အပင်ပေါက်ဘဝရောက်ကြသော်လည်း တချို့သောထန်းသီးစေ့က လက်ညှိုးခန့် အညှောက်တိုလေးအဖြစ်သာ မြေကြီးအတွင်းကျန်ခဲ့သည်။ ယင်းထန်းသီးစေ့ကို ဓားဖြင့်ခွဲလိုက်သောအခါ ဆံခြည်ထွေး (ခေါ်) ထန်းသီးဆန်ရရှိသည်။ ချိုဆိမ့်ပြီး အေးသောအရသာရှိသည်။

ထန်းပင်မြစ်ကို မီးဖုတ်၍ဖြစ်စေ၊ ရေဖြင့်ပြုတ်၍ဖြစ်စေ စားသုံးနိုင်သည်။ မီးဖုတ် သို့မဟုတ် ပြုတ်ပြီးနောက် ဆုံတွင်ထည့်ထောင်းပြီး ဆီ၊ ဆားထည့်စားလျှင် အရသာပိုကောင်းသည်။ အညာဒေသတွင် ထန်းပင်မြစ်ပြုတ်ကိုထောင်းပြီး ဆီဖြင့်ပြန်ကြော်စားကြသည်။ ထန်းပင်မြစ်ကြော်ကို ကလေး၊ လူကြီးမရွေး ကြိုက်နှစ်သက်ကြသည်။

မြန်မာ့ဆေးကျမ်းများတွင် ထန်းပင်မြစ်သည် သွေး၊ သည်းခြေကို ပယ်တတ်၏။ သွေး၊ လေ၊ သည်းခြေတို့ကိုနိုင်၏။ ဝမ်းကိုလားစေ၏။ သလိပ်ကိုကြေစေ၏။ အသားကိုဖြစ်စေ၏။ အားကိုဖြစ်စေ၏။ ပထဝီဓာတ်ကိုပြည့်စေပြီး တေဇောဓာတ်ကိုငြိမ်းစေ၏။ အစာကြေညက်ခြင်းနှင့် ဝမ်းမီးတောက်ခြင်းကို နိုင်၏ဟူ၍ ဖော်ပြထားသည်။

- ထန်းပင်မြစ်သည် လူတို့၏ခန္ဓာကိုယ်အတွက် လိုအပ်သော ဗီတာမင် B ဓာတ်ပေါင်းစုအပြင် အဆီဓာတ်နှင့် ပရိုတင်းဓာတ်များလည်း ပါရှိသည်။
- ထန်းပင်မြစ်သည် အမျှင်ဓာတ်ကြွယ်ဝစွာပါရှိ၍ အစာခြေစနစ်ကို တိုးတက်ကောင်းမွန်စေကာ ဝမ်းချုပ်ခြင်းမှလည်း ကာကွယ်ပေးသည်။
- သား၊ သမီးမရနိုင်သောအမျိုးသားများအနေဖြင့် ထန်းပင်မြစ်ကို များများစားပေးသင့်သည်။
- ထန်းပင်မြစ်သည် ခန္ဓာကိုယ်တွင်းအပူဓာတ်ကို လျှော့ချပေးနိုင်သည်။
- ထန်းပင်မြစ်သည် ကလေးငယ်များ ရေကျောက်ရောဂါအတွက် ဆေးဖက်ဝင်သည်။
- ထန်းပင်မြစ်သည် အဆီနှင့် ပရိုတင်းတို့ပါရှိသည့်အတွက် ပိန်သူများစားပေးခြင်းဖြင့် ကိုယ်အလေးချိန် တိုးလာစေသည်။
- ထန်းပင်မြစ်သည် အစာအိမ်နာရှိသူများကို ကောင်းကျိုးပြုသည်။
- ထန်းပင်မြစ်သည် အင်ဆူလင်ထွက်ရှိမှုကို လှုံ့ဆော်ပေး၍ ဆီးချိုရောဂါဝေဒနာရှင်များကို ကောင်းကျိုးပြုသည်။
- ထန်းပင်မြစ်သည် ကိုယ်ခံစွမ်းအားကို တိုးတက်ကောင်းမွန်စေသည်။
- ထန်းပင်မြစ်သည် အမျိုးသမီးများ သားအိမ်အတွက် အားဖြစ်စေသောအစားအစာဖြစ်သည်။
- ကိုယ်ဝန်ဆောင်များ ထန်းပင်မြစ်ကိုစားပေးခြင်းဖြင့် မိခင်နှင့်သန္ဓေသားကျန်းမာရေးအတွက် အကျိုးဖြစ်ထွန်းစေသည်။
- အိန္ဒိယနိုင်ငံ၌ အမျိုးသမီးများ သားအိမ်ကျန်းမာရေး ရှိုးရာကုထုံးအတွက် ထန်းပင်မြစ်ကို အုန်းနို့ဖြင့်တွဲ၍စားသည်။

အချုပ်အားဖြင့်ဆိုသော် ထန်းပင်မြစ်သည် ဆောင်းရာသီတွင်သာ ပေါပေါများများရနိုင်ပြီး ခန္ဓာကိုယ်တွင်းအပူဓာတ်ကို လျှော့ချပေးနိုင်သည့် ရာသီစာဆေးဖက်ဝင်အစားအစာတစ်မျိုးဖြစ်သည်။ ဆောင်းရာသီတွင် ခန္ဓာကိုယ်တွင်းအပူဓာတ်များသူများအနေဖြင့် လည်ချောင်းနာ၊ ခံတွင်းနာ၊ သွားဖုံးနာ၊ နှုတ်ခမ်းတွင် ရေယုန်ပေါက်ကာ အပူကန်တတ်ကြသည်။ ထိုသူများကထန်းပင်မြစ်ကို ပို၍စားပေးသင့်သည်။

ထန်းပင်မြစ်သည် ကျန်းမာရေးရှုထောင့်အရကြည့်ပါက ဘေးထွက်ဆိုးကျိုးမရှိဘဲ အရွယ်သုံးပါးမရွေးစားသုံးသင့်ပြီး ကိုယ်ဝန်ဆောင်များလည်း စားသုံးသင့်သည်။

ထို့ကြောင့် အညာဒေသတွင် ယခုထက်ပိုပြီး ထန်းပင်မြစ်များတိုးချဲ့ စိုက်ပျိုးသင့်သည်။ ထန်းသီးအစေ့ကို ပေ ၂၀ ပတ်လည်ရှိ မြေအကျယ်တွင် စိုက်ပျိုးပါက တစ်နှစ်လျှင် ငွေကျပ်သုံးသိန်းမှ လေးသိန်းအထိ အပိုဝင်ငွေရရှိကြောင်း သိရသည်။ သို့ပါ၍ အညာဒေသရှိ တောင်သူများအတွက် မိသားစုဝင်ငွေတိုးပွားစေနိုင်သော ထန်းပင်များမှ ထန်းစေ့များကို စုဆောင်းထားရှိပြီးလျှင် ထန်းပင်မြစ်များအဖြစ် တိုးချဲ့စိုက်ပျိုးသင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

**ပေါက်ပေါက်**

# ပွင့်ဖြူမြို့နယ်၌ မိုးစပါး ၃၂၈၁၁ ဧက ရိတ်သိမ်းပြီးစီး

ပွင့်ဖြူ ဒီဇင်ဘာ ၁၅

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၃၂၈၁၁ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေ၏ ပြောပြချက်အရ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါးဧက ၆၀၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပြီး ထိုသို့စိုက်ပျိုးထားသောစပါးများကို နိုဝင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ လက်ရှိတွင် ၃၂၈၁၁ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကာ တစ်ဧကလျှင် ၈၉ ဒသမ ၁၆ တင်းခန့် ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း စပါးဧက ၆၀၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာ မိုးစပါးတွေ စတင်ရိတ်သိမ်းနေတာ ၃၂၈၁၁ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စပါးအထွက်နှုန်းက တစ်ဧကကို ၈၉ ဒသမ ၁၆ တင်းလောက်ထွက်ရှိပါတယ်။ စပါးတွေ အထွက်နှုန်းမလျော့အောင်၊ အရည်အသွေးကောင်းအောင်၊ အချိန်မီရိတ်သိမ်းခြွေလှေ့ကြဖို့နဲ့ ရိတ်သိမ်းပြီးတဲ့ စပါးတွေကိုလည်း အမိုးအကာအောက် စနစ်တကျသိုလှောင်ထိန်းသိမ်းကြဖို့ လိုအပ်တဲ့တောင်သူအသိပညာပေးလုပ်ငန်းတွေ ပံ့ပိုးကူညီဆောင်ရွက်ပေးပါတယ်"ဟု ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါးစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး စသည့် အသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

၂၀၂၄ ခုနှစ်၊ ပဌမအကြိမ်အမျိုးသားအားကစားပွဲတော်
ဝန်ကြီးဌာနအဆင့် အားကစားပြိုင်ပွဲအလိုက်
အသင်းလိုက် ရွှေ၊ ငွေ၊ ကြေး ဆုရရှိမှု (၁၁-၁၂-၂၀၂၄ မှ ၁၅-၁၂-၂၀၂၄)ရက်နေ့ထိ

| စဉ် | ဝန်ကြီးဌာန | ရွှေ | ငွေ | ကြေး | ပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ကာကွယ်ရေး | ၉ | ၅ | ၇ | ၂၁ | |
| ၂ | အားကစား/လူငယ် | ၈ | ၆ | ၄ | ၁၈ | |
| ၃ | ပြည်ထဲရေး | ၇ | ၈ | ၇ | ၂၂ | |
| ၄ | ဆောက်လုပ်ရေး | ၅ | ၆ | ၆ | ၁၇ | |
| ၅ | ပို့ဆောင်/ဆက်သွယ် | ၂ | ၂ | ၁ | ၅ | |
| ၆ | သယံဇာတ/ပတ်ဝန်းကျင် | ၁ | ၂ | ၁ | ၄ | |
| ၇ | စိုက်မွေး/ဆည် | ၁ | ၁ | ၂ | ၄ | |
| ၈ | စီမံ/ဘဏ္ဍာ | | ၂ | | ၂ | |
| ၉ | ဟိုတယ်/ခရီး | | ၁ | | ၁ | |
| ၁၀ | စာရင်းစစ်ချုပ်ရုံး | | | ၁ | ၁ | |
| ၁၁ | သာသနာ/ယဉ်ကျေးမှု | | | ၁ | ၁ | |
| ၁၂ | သမ/ကျေးလက် | | | ၁ | ၁ | |
| ၁၃ | အလုပ်သမား | | | ၁ | ၁ | |
| ၁၄ | စီးပွား/ကူးသန်း | | | ၁ | ၁ | |
| | စုစုပေါင်း | ၃၃ | ၃၃ | ၃၃ | ၉၉ | |

၂၀၂၄ ခုနှစ်၊ ပဌမအကြိမ်အမျိုးသားအားကစားပွဲတော်
ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အားကစားပြိုင်ပွဲ
ရွှေ၊ ငွေ၊ ကြေး ဆုရရှိမှု (၆-၁၂-၂၀၂၄ မှ ၁၅-၁၂-၂၀၂၄) ရက်နေ့ထိ

| စဉ် | ပြည်နယ်/တိုင်း | ရွှေ | ငွေ | ကြေး | ပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ရန်ကုန် | ၅၉ | ၃၀ | ၂၃ | ၁၁၂ | |
| ၂ | ရှမ်း | ၂၀ | ၂၄ | ၃၀ | ၇၄ | |
| ၃ | စစ်ကိုင်း | ၁၈ | ၁၃ | ၁၅ | ၄၆ | |
| ၄ | တနင်္သာရီ | ၁၄ | ၆ | ၁၁ | ၃၁ | |
| ၅ | ကချင် | ၁၃ | ၈ | ၁၁ | ၃၂ | |
| ၆ | မန္တလေး | ၁၂ | ၁၈ | ၂၇ | ၅၇ | |
| ၇ | ဧရာဝတီ | ၁၀ | ၂၀ | ၂၄ | ၅၄ | |
| ၈ | မကွေး | ၁၀ | ၉ | ၁၄ | ၃၃ | |
| ၉ | ပဲခူး | ၅ | ၁၉ | ၂၂ | ၄၆ | |
| ၁၀ | ကရင် | ၅ | ၆ | ၂၃ | ၃၄ | |
| ၁၁ | မွန် | ၄ | ၉ | ၈ | ၂၁ | |
| ၁၂ | နေပြည်တော် | ၄ | ၄ | ၇ | ၁၅ | |
| ၁၃ | ရခိုင် | ၃ | ၁၀ | ၁၁ | ၂၄ | |
| ၁၄ | ချင်း | ၂ | | ၆ | ၈ | |
| ၁၅ | ကယား | | ၃ | ၃ | ၆ | |
| | စုစုပေါင်း | ၁၇၉ | ၁၇၉ | ၂၃၅ | ၅၉၃ | |

# ၂၀၂၄ ခုနှစ် ၁၁ လတာကာလအတွင်း ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် ယာဉ်မတော်တဆမှုပေါင်း ၁၈၉ မှု ဖြစ်ပွား

ရန်ကုန် ဒီဇင်ဘာ ၁၅

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ နိုဝင်ဘာလ ၃၀ ရက်အထိ ၁၁ လတာကာလအတွင်း ယာဉ်မတော်တဆမှုပေါင်း ၁၈၉ မှု ဖြစ်ပွားခဲ့ကြောင်း အမြန်လမ်းမကြီး ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။


၂၀၂၄ ခုနှစ် ၁၁ လတာကာလအတွင်း ရန်ကုန် - မန္တလေး အမြန်လမ်းမကြီးတစ်လျှောက်ဖြစ်ပွားခဲ့သော ယာဉ်မတော်တဆမှုများမှာ ဇန်နဝါရီလတွင် ၁၈ မှု၊ ဖေဖော်ဝါရီလတွင် ၁၂ မှု၊ မတ်လတွင် ၁၄ မှု၊ ဧပြီလတွင် ၁၅ မှု၊ မေလတွင် ၂၁ မှု၊ ဇွန်လတွင် ၁၉ မှု၊ ဇူလိုင်လတွင် ၁၆ မှု၊ ဩဂုတ်လတွင် ၁၃ မှု၊ စက်တင်ဘာလတွင် ၂၃ မှု၊ အောက်တိုဘာလတွင် ၂၃ မှုနှင့် နိုဝင်ဘာလတွင် ၁၅ မှုရှိပြီး စုစုပေါင်း ၁၈၉ မှု ဖြစ်ပွားခဲ့သည်။

အဆိုပါ ယာဉ်မတော်တဆမှုများကြောင့် အမျိုးသား ၂၀၇ ဦးနှင့် အမျိုးသမီး ၁၃၁ ဦး စုစုပေါင်း ၃၃၈ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အမျိုးသား ၆၀ ဦးနှင့် အမျိုးသမီး ၂၇ ဦး စုစုပေါင်း ၈၇ ဦး သေဆုံးခဲ့သည်။ ထို ၁၁ လတာကာလအတွင်း ဖြစ်ပွားခဲ့သော ယာဉ်မတော်တဆမှု ဖြစ်စဉ်များအနက် အများစုမှာ ယာဉ်မောင်းမကျွမ်းကျင်မှုနှင့် မဆင်မခြင် အရှိန်ပြင်းမောင်းနှင်မှုများကြောင့်ဖြစ်သည်။

ယခုအခါ အမြန်လမ်းမကြီးရဲတပ်ဖွဲ့အနေဖြင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရန် သတ်မှတ်အရှိန်နှုန်းထက် ကျော်လွန်မောင်းနှင်သော မော်တော်ယာဉ်များအား အရှိန်နှုန်းတိုင်းတာစက်များဖြင့် တိုင်းတာစစ်ဆေးပြီး အရေးယူခြင်းများကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆောင်းဦး

မိုးလေဝသ သတင်း




# သာစည်နှင့်ရေးမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၁၅

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာလ ၁၃ ရက် ည ၇ နာရီမိနစ် ၄၀ တွင် သာစည်မြို့နယ်၊ ကျွဲတပ်ဆုံကျေးရွာအုပ်စု၊ ကျွဲတပ်ဆုံကျေးရွာအနီးတွင် ဝင်းဇော်အောင်(ခ)နန္ဒ မောင်းနှင်ပြီး သက်နိုင်နှင့် မင်းမင်းအောင်တို့ လိုက်ပါလာသည့် DAIHATSU ATRAI မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှစိတ်ကြွရူးသွပ်ဆေးပြား ၁၁၀၀၀၀၊ မြန်မာငွေကျပ် ၁၈ ဒသမ ၅ သိန်းကိုလည်းကောင်း၊ ထို့ပြင် ယင်းနေ့ ညနေ ၄ နာရီ ၁၅ မိနစ်တွင် ပူးပေါင်းအဖွဲ့သည် ရေးမြို့နယ်၊ အံဒင်ကျေးရွာအုပ်စု၊ ရွာသစ်ခမင်းဆိပ်ကျေးရွာရှိ စိုးမွန်(ခ)ပလိုင်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၊



သက်နိုင်၊ ဝင်းဇော်အောင်(ခ)နန္ဒနှင့် မင်းမင်းအောင်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

မြန်မာငွေကျပ် ၅ သိန်းသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ၂၀၂၄-၂၀၂၅ ကြံကြိတ်ခွဲရာသီရောက်ပြီဖြစ်၍ သကြားစက်များ စတင်လည်ပတ်

ရန်ကုန် ဒီဇင်ဘာ ၁၅

ပြည်တွင်း၌ ကြံကြိတ်ခွဲရာသီမှာ နှစ်စဉ် ဒီဇင်ဘာလမှ ဧပြီလအထိဖြစ်ပြီး ၂၀၂၄-၂၀၂၅ ကြံကြိတ်ခွဲရာသီရောက်ပြီဖြစ်၍ သကြားစက်များ စတင်လည်ပတ်နေပြီဖြစ်ကြောင်း မြန်မာနိုင်ငံ သကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းမှ သိရသည်။

"ကြံကြိတ်ခွဲရာသီက အခုစတင်ပြီဖြစ်လို့ သကြားစက်တွေ လည်ပတ်နေကြပြီ။ လက်ရှိ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်း အားလုံးနီးပါးမှာ သကြားစက်တွေ လည်ပတ်နေပြီဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံ သကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းငွေးကပြောသည်။

ထို့ပြင် ကြံကြိတ်ခွဲရာသီအတွင်း ကြံတစ်တန်ပေါက်ဈေးကိုလည်း ပြီးခဲ့သည့်နှစ်ကထက် ပိုပေးလာသည့်အတွက် တောင်သူများ ယခင်ကထက် အကျိုးအမြတ်ရှိလာကြောင်း သိရသည်။

"အခုမှ ကြံခုတ်နေတဲ့ကာလဆိုတော့ အထွက်နှုန်းကို အတိအကျပြောလို့မရသေးဘူး။ အထွက်နှုန်းကတော့ကောင်းပါတယ်။ စက်တွေက ကြံတစ်တန်ဈေးကို မနှစ်ကထက်ပိုပေးလာတော့ တောင်သူတွေ အကျိုးအမြတ်ပိုလာတယ်လို့ဆိုရပါမယ်။ သယ်ယူပို့ဆောင်စရိတ်ကတော့ တောင်သူတွေဘက်က ကျခံရပါတယ်"ဟု ဦးဝင်းငွေးကပြောသည်။

ပြည်တွင်း၌ သကြားစက်ပေါင်း၂၃ ခု ရှိပြီး ကြံတစ်ဧကလျှင် ပျမ်းမျှ ၃၈ တန်မှ ၄၅ တန်အထိ ထွက်လေ့ရှိကြောင်း၊ ကြံကို စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းတို့၌ အဓိကစိုက်ပျိုးကြကာ ရန်ကုန်တိုင်းဒေသကြီး၌လည်း အနည်းငယ်စိုက်ပျိုးမှုရှိကြောင်း သိရသည်။

ဝါဝါ



# မြစ်ကိုအလျှားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

**"ကျွန်တော့်ဘဝမှာ အပျော်ရထား သုံးကြိမ်တိတိ ဆိုက်ခဲ့ပါလေပြီ။ ကျွန်တော် ဆယ်တန်း(က)အဆင့်အောင်စဉ်ကတစ်ကြိမ်၊ မူလတန်းကျောင်းဆရာအဖြစ် ခန့်အပ်ခံရစဉ်ကတစ်ကြိမ်၊ ယခု ကျွန်တော့်ရင်တွင်းဖြစ် ရသစာပေ၏ အသီးအပွင့် စာပေဗိမာန် လူငယ်စာပေ ပထမဆုရခဲ့စဉ်ကတစ်ကြိမ်ဆိုလျှင် သုံးကြိမ်တိုင်ခဲ့ပါလေပြီ။ ၂၀၀၇ ခုနှစ်မှာ ကျွန်တော် ပထမဆုရသောစာမူကို စာပေဗိမာန်ကပဲ စာအုပ်အဖြစ်ထုတ်ဝေပြီး ဖြန့်ချိခဲ့သည်. . . "**

**ယမန်နေ့မှအဆက်**

၂၀၀၅ ခုနှစ်မှာပင် မူလတန်းလွန်ကျောင်းရရှိရေးအတွက် ပညာရေးဌာနသို့ လျှောက်လွှာတင်လိုက်ရာ ထိုနှစ်မှာပင် ဆဋ္ဌမတန်းအထိ ပညာသင်ကြားခွင့်ရရှိခဲ့ပေသည်။ ၂၀၀၇ ခုနှစ်တွင် သတ္တမတန်းအထိ ပညာသင်ကြားခွင့်ရရှိလာပြီး ဆရာ၊ ဆရာမဦးရေကိုလည်း ဌာနဆိုင်ရာက တိုးမြှင့်ခန့်ထားပေးရာ ၁၉ ဦးအထိ ရှိလာခဲ့သည်။ ထိုနှစ်မှာပင် စာသင်ဆောင်တစ်ဆောင်ပါ ထပ်တိုးရရှိလာခဲ့ပါသည်။ ၂၀၀၈ ခုနှစ်အရောက်တွင် ကျောင်းရှေ့ရှိ ခနော်ခနဲ့ဖြစ်နေသော အုတ်ကျိုးခင်းလမ်းကို ကွန်ကရစ်လမ်းအဖြစ် ခင်းပေးလိုက်ရာ ကျွန်တော့်ရည်မှန်းချက် အတိုင်း အတာတစ်ခုအထိ ကျေနပ်ဝမ်းမြောက်ခဲ့ရပေသည်။ ဤလမ်းခင်းခြင်းကတော့ နိုင်ငံတော်၏စီမံချက်ပင် ဖြစ်လေသည်။

● ● ● ● ● ● ●

အ.မ.က(၂၃)ဒဂုံ(တောင်)သည် နှစ်သုတ်တက်ကျောင်းဖြစ်သည်။ နံနက်ပိုင်းအသုတ်တွင် တက်ရောက်ကြရသည့် ဆရာ၊ ဆရာမများသည် နံနက် ၇ နာရီတွင် သင်ကြားမှုစကြရသည်။ သို့ဖြစ်၍ ကျောင်းအုပ်သည် သင်ကြားရေး ဆရာ၊ ဆရာမများလိုပဲ နံနက်၇ နာရီမထိုးမီကပင် ကျောင်းသို့ ရောက်ရသည်။ မှတ်မှတ်ရရ ဆောင်းအဝင်ကာလ နေ့တစ်နေ့ပါပဲ။ ဆရာ၊ ဆရာမတွေ စာသင်ခန်းထဲမှာ စာသင်စာပြလုပ်နေကြပါပြီ။ ကျွန်တော်သည် ရုံးခန်းမှာ လုပ်စရာရှိသည်များကို လုပ်ကိုင်ဆောင်ရွက်ပြီး ပုံမှန်အတိုင်း Round လှည့်လိုက်သည်။ Grade-1 စာသင်ခန်းသို့အရောက်မှာ အတန်းပိုင်ဆရာမ ဒေါ်နုနုလွင်က-

"ဆရာကြီး ဆရာကြီး မနေ့ညက ၈ နာရီသတင်းမှာ စာပေဗိမာန်စာပေဆုစာရင်းကိုကြေညာတာမှာ ဆရာကြီးနာမည်ပါတယ်လေ၊ ဆရာကြီးမသိသေးဘူးလား"

"ဟုတ်လို့လား"

ဆရာမစကားကြောင့် ကျွန်တော့်ရင်ဘတ်ကြီး မြင့်တက်သွားသည်။ မယုံရတာနဲ့ ထပ်မေးဖြစ်လိုက်သည်။

"ဟုတ်တယ်လေဆရာကြီး လူငယ်စာပေဆုမှာ ကျွန်းစဉ်မြေစောခက် "ကုသိုလ်အရောင်ဆိုးပေးပါ" စာမူက ပထမဆိုတာ ပါသွားတယ်"

"ဟေး စာပေဗိမာန်ဆုရပြီကွ"

ကျွန်တော်သည် ဆရာမတွေကို စာသင်ခန်းတိုင်းသို့ လိုက်ပြောလိုက်သည်။ ဆရာမတွေကလည်း "တို့ဆရာကြီးကွ" တဲ့။

ကျွန်တော် ပြည်နယ်ကျေးလက်ဒေသတွင် သန္ဓေတည် မွေးဖွားလာခဲ့သော ဘဝပြေးလမ်း စာပေသင်္ကေတများကို စုစည်းပြီး "ကုသိုလ်အရောင်ဆိုးပေးပါ" ဟူ၍ အမည်ပေးပြီး စာပေဗိမာန်စာမူဆုပြိုင်ပွဲသို့ တင်သွင်းခဲ့ရာ ၂၀၀၆ ခုနှစ်အတွက် စာပေဗိမာန် လူငယ်စာပေ ပထမဆုရခဲ့ပါလေပြီ။ ဘဝထိုထိုများတွင် ကျင်လည်ခဲ့သော အမြုတေဘဝစာပေများ ပေါက်ကွဲခဲ့လေသည်ဆိုက မှားမတဲ့လား။ ကျွန်တော် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အ.မ.က(၂၃)၌ သုံးနှစ်အကြာမှာပဲ စာပေဗိမာန် လူငယ်စာပေ ပထမဆုကိုရရှိခဲ့ပါလေသည်။

ကျွန်တော့်ဘဝမှာ အပျော်ရထား သုံးကြိမ်တိတိ ဆိုက်ခဲ့ပါလေပြီ။ ကျွန်တော် ဆယ်တန်း(က)အဆင့်အောင်စဉ်က တစ်ကြိမ်၊ မူလတန်းကျောင်းဆရာအဖြစ် ခန့်အပ်ခံရစဉ်ကတစ်ကြိမ်၊ ယခု ကျွန်တော့်ရင်တွင်းဖြစ် ရသစာပေ၏ အသီးအပွင့် စာပေဗိမာန် လူငယ်စာပေ ပထမဆုရခဲ့စဉ်က တစ်ကြိမ်ဆိုလျှင် သုံးကြိမ်တိုင်ခဲ့ပါလေပြီ။ ၂၀၀၇ ခုနှစ်မှာ ကျွန်တော် ပထမဆုရသောစာမူကို စာပေဗိမာန်ကပဲ စာအုပ်အဖြစ်ထုတ်ဝေပြီး ဖြန့်ချိခဲ့သည်။ စာပေဗိမာန်က ဆုချီးမြှင့်ပြီးဖြစ်သဖြင့် စာပေဗိမာန်မူပိုင်ဖြစ်၍ စာပေဗိမာန်ကပဲ ဖြန့်ချိခဲ့ပေသည်။ ကျွန်တော့်မှာ ကိုယ့်စာမူကို စာအုပ်အဖြစ် မြင်တွေ့နေရပေရာ အားရလွန်းလို့ လက်ခမောင်းခတ်မိပေတော့သည်။ စာပေဗိမာန်စာအုပ်ဆိုင်ကပဲ အုပ်ရေ ၅၀ တိတိ ကျွန်တော် ဝယ်ယူလိုက်သည်။ "ကုသိုလ် အရောင်ဆိုးပေးပါ" စာမူ၏ဇာတ်လမ်းဖြစ်တည်ရာ ကျောထောက်နောက်ခံမှာ ကျွန်တော်ခုနစ်နှစ်တိုင်တိုင်ကျောင်းနေခဲ့သော လူငယ်ဘဝ အဓိကအစိတ်အပိုင်းရှင်သန်ရာ ဘူမိနက်သန်မြေမှာ ကျောက်ဖြူမြို့ပင်ဖြစ်ပေသည်။ သို့ဖြစ်၍ ကျောက်ဖြူမြို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးသို့ ၁၀ အုပ် လှူဒါန်းလိုက်သည်။ ကျွန်တော်ကြီးပြင်းခဲ့ရာ ပညာရေးပန်းမြိုင်လယ်ဖြစ်ခဲ့ရာ မြေပုံမြို့နယ် သရက်တောင်ရွာ ကျေးလက်ရင်ခွင်စာကြည့်တိုက်သို့ ငါးအုပ်၊ ကျွန်တော် တာဝန်ထမ်းဆောင်ခဲ့သော ကျွန်တော်ကိုယ်တိုင် ပျိုးထောင်ရေလောင်းပေးခဲ့သော အ.မ.က သရက်တောင်(မြောက်)အတွက် ငါးအုပ်၊ ကျွန်တော် ကနဦးတာဝန်ထမ်းဆောင်ခဲ့သော အ.လ.က သရက်တောင်အတွက် ငါးအုပ်၊ ကျွန်တော့်ဘဝ ခယောင်းလမ်းစတင်ခဲ့ရာ အ.မ.က ပေသုန်ရွာ မြေပုံမြို့နယ်သို့ ငါးအုပ်၊ ယခု ကျွန်တော် တာဝန်ထမ်းဆောင်နေရာ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အ.မ.က (၂၃)"မေတ္တာရိပ် ကျောင်းစာကြည့်တိုက်"သို့ ငါးအုပ်ပေးပို့ခဲ့သည်။ ကျန်သည့် ၁၅ အုပ်ကို ကျွန်တော်နှင့် ရင်းနှီးသည့် စာဖတ်ဝါသနာပါသူများသို့ စာပေလက်ဆောင်ပေးပို့ခဲ့သည်။

● ● ● ● ● ● ●

၂၀၀၈ ခုနှစ် ဆောင်းတစ်ည တီဗွီဖန်သားပြင်က သတင်းကြေညာလို့ပြီးချိန်လောက်မှာ ဒေါ်နုမြဖံ(ညွှန်/မှူး-ငြိမ်း)(အမျိုးသားပြတိုက်)ဆီက ဖုန်းဝင်လာသည်။

"ဆရာရေ ဆရာ့စာအုပ် ကုသိုလ်အရောင်ဆိုးပေးပါ" အမျိုးသားစာပေဆုစာရင်းပါသွားပြီရှင့်"

"ဟာ ဝမ်းသာလိုက်တာ ဆရာမရယ် ကျေးဇူးပဲဗျာ"

ဒေါ်နုမြဖံမှာ ကျောက်ဖြူမြို့ အ.ထ.က တွင် ကျွန်တော်နဲ့ အတန်းတူ ကျောင်းနေဖက်ဖြစ်၍ ဝမ်းသာအားရ သတင်းပေးခြင်း ဖြစ်ပါသည်။ သိပ်မကြာ ဖုန်းမြည်လာပြန်သည်။

"ဟဲလို"

"ကျွန်တော် သန်းငွေးအုန်းပါဆရာ၊ "ကုသိုလ်အရောင်ဆိုးပေးပါ" စာအုပ် အမျိုးသားစာပေဆု ဝင်သွားပြီဆရာ၊ ခုပဲ တီဗွီသတင်းမှာ ပါသွားတယ်"

"ကျေးဇူးပဲ ကိုသန်းငွေးအုန်း၊ ကျွန်တော် ပျော်လိုက်တာဗျာ"

အမျိုးသားစာပေဆုအပျော်က စာပေဗိမာန်ဆုအပျော်ထက် ပိုနေသလားမသိ။ ကျွန်တော့်ရင်မှာ ဝမ်းသာလုံးကြီး တစ်ဆို့နေပေပြီ။ တဒင်္ဂမှာတော့ အိပ်မက်လေလား ဝိုးတဝါးဖြစ်နေခဲ့သည်မှာတော့ သံသယဖြစ်စရာပင်မလိုပါချေ။ "အမျိုးသားစာပေဆု"ဟူသည် မြန်မာနိုင်ငံတွင် ပြိုင်ပွဲဝင်စာပေများအနက် အမြင့်ဆုံးဟု ကျွန်တော်နားလည်မိပေသည်။ ကျွန်တော် ရန်ကုန်မြို့သို့ရောက်လို့ ငါးနှစ်မြောက်မှာပဲ "အမျိုးသားစာပေဆု" ဆိုသည်ကို ကျွန်တော် ရရှိနိုင်ခဲ့ပါလေပြီ။

ရခိုင်ကမ်းရိုးတန်းပင်လယ်ပြင်ကြီးထဲမှာ ကြီးစွာသော ဒုက္ခဆင်းရဲကိုခံပြီး လှိုင်းသရမ်းများ၏ အထွေ့အငွေ့မှာ တဝေ့ဝေ့အန်ပြီး ရေတံငါဘဝဖြင့် ပိုက်မျှောခဲ့သည်။ မျှားတန်းချခဲ့သည်။ ပိုက်မျှောရင်း စာကျက်ခဲ့သည်။ မျှားတန်းချရင်း တွက်ချက်ခဲ့သည်။ နောင်ဆို ၁၀ တန်းအောင်ဘွဲ့ရပြီး ကျောင်းဆရာဘဝသို့ ရောက်လာခဲ့သည်။ ခုဆို ရန်ကုန်မြို့တော်ကြီးမှာ နိုင်ငံမှာ အမြင့်ဆုံးဖြစ်သည့် အမျိုးသားစာပေဆုဆိုသည်ကိုလည်း ရရှိထားပေပြီ။ မြန်မာတစ်နိုင်ငံလုံး၏ အထင်ကရ နေပြည်တော်၌ ဆုရစာပေပညာရှင်များအား နိုင်ငံတော်က ပွဲကြီးသဘင် ဆင်ယင်ကျင်းပပြီး နိုင်ငံတော်အကြီးအကဲများကိုယ်တိုင် "စာပေပညာရှင်"ဟု သတ်မှတ်ပြီး ဆုချီးမြှင့်ခြင်းကို ခံနေရလေပြီ။

"သားရဲ့ အောင်မြင်မှုဘဝကို အဖေနဲ့အမေ့ကို မြင်စေချင်လိုက်တာ၊ မွေးမေအသေစောလိုက်တာ"

"သားရယ် စာမေးပွဲ ပြန်ဖြေဖြစ်အောင်ဖြေပါ။ သား ကျောင်းဆရာဘဝနဲ့ ကျောင်းတက်နေတာ၊ ကလေးတွေကို စာသင်စာပြနေတာ အမေမြင်ချင်လိုက်တာ" တဲ့။ ဩော် အမေရယ် သားရဲ့ အပျော်မျက်ဝန်းမှာ အမေ့ကိုတမ်းတ အမေ့ကိုလွမ်းရတဲ့ မျက်ရည်တွေက ပြည့်လျှမ်းလာခဲ့ပါပေါ့လား အမေရယ်။

● ● ● ● ● ● ●

အ.မ.က (၂၃) မူလွန်တွင်"မေတ္တာရိပ်ကျောင်းစာကြည့်တိုက်"ကို ဖွင့်လှစ်တည်ထောင်ပြီးနောက်တွင် ကျောင်းသား၊ ကျောင်းသူများမှာ စာပေဖတ်ခြင်းကို အာရုံစူးစိုက်ရှိလာကြသည်။ တချို့ဆိုသူတို့ကြိုက်သော စာအုပ်များကို အိမ်အထိ ငှားယူဖတ်ရှုကြသည်။ မြို့နယ်အလိုက် ကဗျာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲများကို မူလတန်း၊ အလယ်တန်းအဆင့်လိုက်ယှဉ်ပြိုင်မှုများတွင်လည်း ကျွန်တော့်ကလေးများ ပထမ၊ ဒုတိယ၊ တတိယဆုများ ချိတ်လာကြသည်။ စာပေဖတ်ရှုလေ့လာခြင်းဖြင့်ရရှိသော ကျေးဇူးတရားဟုဆိုကလည်း မမှားနိုင်ပေ။

**ဆက်လက်ဖော်ပြပါမည်။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

❖ **စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များသည် ခိုင်မာသည့်ဈေးကွက်ရှိပြီးဖြစ် . . .**

❖ **နိုင်ငံစားရေရိက္ခာကို အထောက်အကူပြုစေနိုင်သကဲ့သို့ ပြည်ပသို့ပို့ကုန်များပိုမိုတင်ပို့နိုင်သောကြောင့် ပြည်ပဝင်ငွေများပိုမိုရရှိစေမည်ဖြစ် . . .**

❖ **ထို့ကြောင့် ငွေကြေးတတ်နိုင်သည့်လုပ်ငန်းရှင်များအနေဖြင့် သေချာသည့်လုပ်ငန်းများဖြစ်သော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံကြစေလို . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၃/၂၀၂၄) သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# လေယာဉ်၊ ရဟတ်ယာဉ်များ တိုးတက်ဖြည့်ဆည်းပေးနိုင်သည့်အတွက် တပ်မတော်(လေ)၏ စစ်ဆင်ရေးနှင့်အခြားပျံသန်းရေးတာဝန်များထမ်းဆောင်ရာတွင် အဓိကအရေးပါသည့်စွမ်းဆောင်ရည်များကို မြှင့်တင်ပေးရာရောက်သကဲ့သို့ တပ်မတော်အတွက် တိုက်စွမ်းရည်နှင့် တိုက်စွမ်းအားတိုးတက်မြင့်မားအောင် အထောက်အကူပြုစေမည်လည်းဖြစ်



တပ်တော်ဝင်လေယာဉ်၊ ရဟတ်ယာဉ်များကိုတွေ့ရစဉ်။

★ **ရှေ့ဖုံးမှအဆက်**

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့်ဇနီး၊ အငြိမ်းစားကာကွယ်ရေးဦးစီးချုပ်(လေ)များနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊

**စာမျက်နှာ ၁၆ ကော်လံ ၁** ★

**စွမ်းရည်တိုးမြှင့် အားမာန်ဝင့် လက်ဆင့်ကမ်းအမွေ ပေးဖြန့်ဝေ ဂုဏ်တင့်တပ်မတော်(လေ)** ဆောင်းပါး စာ - ၁၃ သို့

**နှစ်(၅၀)ပြည့် ရွှေရတုရခိုင်ပြည်နယ်နေ့အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များတက်ရောက်** စာ - ၅ သို့

